ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

## နှစ်သစ်ကူးအဆိုပြုချက်

## ခိုင် ၂၀၀၆ ကလောင်စည်းများသို့

## ယူကျိအတွေ့အကြုံနှင့်သင်ခန်းစာများ

အမှတ် (၂၆)

ဇန်နဝါရီ၊ ၂၀၀၆ ခုနှစ်။

# ပြည်သူ့အာဏာ

## စာတည်းအဖွဲ့အာဘော်

အမှတ် (၂၆)    ဇန်နဝါရီ၊ ၂၀၀၆ ခုနှစ်

– လွတ်လပ်ရေးရပြီးကတည်းက ‘ဒီမိုကရေစီအရေးတော်ပုံ’ ဆင်နွှဲခဲ့ရတယ်။ ၅၈ နှစ် ရှိတော့မယ်။ ၁၉၈၈ ခုနှစ်ကနေ အခုအထိ ကာလပိုင်းမှာ မြေပေါ်တရားဝင်အဖွဲ့အစည်းက ‘အရေးတော်ပုံ’ ကို ခေါင်းဆောင်နေတယ်။ ၂၀၀၆ ခုနှစ်မှာ အဆုံးအဖြတ်ကျတော့မယ်။ စစ်အာဏာရှင်စနစ်က အသာစီးရသွားရင် ‘အရေးတော်ပုံ’ ကို ပုံစံတမျိုး၊ လမ်းစဉ်တမျိုးနဲ့ ဆက်လက်ဆင်နွှဲရလိမ့်ဦးမယ်။

– ‘အရေးတော်ပုံ’ အောင်မြင်စေဖို့အတွက် ပြည်တွင်းဖိအား အများကြီးလိုပါတယ်။ ပြည်ပဖိအားဘက်ကိုချည်း အာရုံပြုနေလို့ မရပါဘူး။ ဒါကြောင့် ပြည်တွင်းဖိအား ဘယ်လိုပေးကြမလဲ ဆိုတာကိုပဲ ဇောင်းပေးထားပါတယ်။

– ၈၈ မျိုးဆက်နဲ့ ၂၁ ရာစု မျိုးဆက်ကြားမှာ အဆက်ပြတ်သလိုဖြစ်နေတာကို ပြန်ဆက်မိစေဖို့ ‘၂၁ ရာစုမျိုးဆက်’ များအတွက် မြေအောက်လုပ်ငန်းတစိတ်တပိုင်း မိတ်ဆက်ပေးပါတယ်။

စာတည်းအဖွဲ့

# ဗမာပြည်ကွန်မြူနစ်ပါတီ၏

ပြည်သူလူထုနှင့် တပ်မတော်သားထုအပေါင်းတို့ –

၂၀၀၆ ခုနှစ်သို့ ရောက်ပါပြီ။ ဗမာပြည်နိုင်ငံရေးကလည်း အဆုံးစွန် အထွေထွေအကျပ်အတည်းဆီ ရောက်နေပါပြီ။ ဒီ/ချုပ် က ဒီမိုကရေစီကတုတ်တွင်းကနေ ကြံ့ကြံ့ခိုင်ရပ်တည်နေသလို နအဖ ကလည်း စစ်အာဏာရှင်ကတုတ်တွင် မဆုတ်တမ်း ခံနေသည်။ သူတို့ ၂ ဘက် အတင်းမာဆုံးအဆင့်သို့ ရောက်နေကြပါပြီ။ ဤအဆင့် တာရှည်မတည်ရှိနိုင်။ အကောင်းဘက်သို့ဖြစ်စေ အဆိုးဘက်သို့ဖြစ်စေ တဖက်ဖက်သို့ ပြောင်းတော့မည်။ အကောင်းဘက်သို့ပြောင်းဖို့ ပြည်သူလူထုနှင့် တပ်မတော်သားထု ဝင်ပါမှဖြစ်တော့မည်။ ပွဲကြည်ပရိသတ်အဖြစ် နေလို့မရတော့။ ထိုင်ကြည့်နေလျှင် အဆိုးဘက်သို့ ရောက်သွားမှာ ကေန်ဖြစ်ပါသည်။

နအဖ က သူတို့လုပ်နေတာ ‘စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်’ ဖြစ်ဖို့လို့ ပြောသည်။ မဟုတ်ပါ။ သူတို့လုပ်နေတာ စည်းကမ်းပျက်တဲ့ နိုင်ငံတော်နှင့် ဗိုလ်ချုပ်တွေ အာဏာလုပွဲ တခြိမ်းခြိမ်း လုပ်ကြမည့်စနစ် ဖြစ်ပါသည်။

‘၁၀၄ ချက် အခြေခံဥပဒေ’ ပေါ်လာလျှင် ဘာဖြစ်မလဲဆိုတာကို လွယ်လွယ်ပဲတွေးလို့ ရပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်ကလို အရပ်သားနိုင်ငံရေးပါတီတွေက ရွေးကောက်ပွဲနီးမှ ‘မင်းလှ လူသတ်ပွဲ’ ‘မြိတ်လူသတ်ပွဲ’ ‘ငါန်းဇွန်လူသတ်ပွဲ’ လုပ်ပြီး အနိုင်ရအောင်လုပ်သလို လုပ်ကြမှာ မဟုတ်ပါ။ အချိန်ရှိသမျှ ဗိုလ်ချုပ်တွေက တပ်အားကိုးနဲ့ အာဏာလုနေကြမှာ ဖြစ်သည်။ ရွေးကောက်ပွဲ မတိုင်မီမှာပင် တပ်တွင်း အာဏာလုပွဲတွေ တခြိမ်းခြိမ်းဖြစ်ပြီး သွေးချောင်းစီးမှာ ဖြစ်သည်။

‘ကာကွယ်ရေးဦးစီးချုပ်’ ကို အာဏာရှင်သရဖူ ဆောင်းပေးမည့် နိုင်ငံရေးစနစ်ဖြစ်သဖြင့် ထိုနေရာရရေးအတွက် အာဏာလုပွဲ သည်းထန်လိမ့်မည်။ တပ်မတော်ထဲမှာ တိတ်တိတ်တမျိုး ပြောင်တမျိုး စစ်အုပ်စုတွေ ဖွဲ့ကြလိမ့်မည်။

လက်နက်ကိုင်တပ် လက်ကိုင်ရှိသူချင်း အာဏာလုကြလျှင် မုချသွေးချောင်းစီးလိမ့်မည်။

တပ်မတော်ထဲတွင် စစ်အုပ်စုတခုတည်း ရှိရာက စစ်အုပ်စုတွေ အများကြီး (လျှို့ဝှက်ပြီး) ရှိသည့်စနစ်သို့ ကူးပြောင်းသွားမည်မှာ သေချာသလောက် ဖြစ်သည်။ ယခုပင် အစအနတွေ တွေ့နေ ရပါပြီ။ ဒီ/ချုပ် ပြဿနာကို အပြတ်မရှင်းနိုင်သေးလို့သာ သူတို့ချင်း ကြိတ်ပြီးကျေအေးနေကြတာ ဖြစ်သည်။ ‘၂၀၀၆’ ခုနှစ်ကျော်လျှင်ကား တမျိုးဖြစ်လိမ့်မည်။

# နှစ်သစ်ကူးအဆိုပြုချက် (၃) ခု

၂၀၀၆ ခုနှစ်ကို ၁၉၄၄ – ၄၅ ကကဲ့သို့ ‘အမျိုးသားညီညွတ်ရေး’ ရသည့်နှစ် ဖြစ်စေချင်သည်။ အမျိုးသားသွေးကွဲသည့် ၁၉၄၇ – ၄၈ လို မဖြစ်စေချင်ပါ။

သန်းရွှေစစ်အုပ်စု လုပ်နေပုံအရဆိုလျှင် အမျိုးသားသွေးကွဲရေးဖြစ်ဖို့ သေချာသလောက် ဖြစ်နေသည်။ ပျဉ်းမနားသို့ ဌာနချုပ်ပြောင်းခြင်းသည် အကောင်းပြောင်းခြင်း မဟုတ်။ ‘မြွေသေသေ တုတ်ကျိုးကျိုး’ လုပ်တော့မည့်သဘော ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်ကို ဗမာပြည်၏ မင်္ဂလာရှိသောနှစ် ဖြစ်စေဖို့အဆိုပြုချက် (၃) ခု တင်ပြပါသည်။

(၁) ပြည်တွင်းရေးပြဿနာကို ပြည်တွင်းကပဲ ရှင်းရလိမ့်မည်။ ပြည်ပက ဘယ်သူမှ ဝင်ရှင်း ပေးနိုင်တာမဟုတ်။ ထို့ကြောင့် NLD/CRPP နဲ့ တပ်မတော် စစ်ခေါင်းဆောင်များ အမြန်ဆုံးဆွေးနွေးဖို့ တိုက်တွန်းပါသည်။

(၂) သန်းရွှေစစ်အုပ်စုက ဆွေးနွေးမှာမဟုတ်။ တိုက်တွန်းနေလျှင် အချိန်ကုန်တာပဲ ဖြစ်မည်။ ထို့ကြောင့် တပ်မတော် စစ်ခေါင်းဆောင်အသစ်များ ပေါ်လာမှသာ စေ့စပ်ဆွေးနွေးပွဲ ဖြစ်တော့မည်။ ထို့ကြောင့် တပ်မတော်ခေါင်းဆောင်ပိုင်း အသစ်ပေါ်စေဖို့ တပ်မတော်ကို ပြုပြင်ရမည်။

(၃) စစ်ခေါင်းဆောင်အသစ်များနှင့် နိုင်ငံရေးခေါင်းဆောင်များ ဆွေးနွေးကြလျှင် မလောဖို့လိုသည်။ နှစ် ၄၀ တည်ရှိခဲ့သော စစ်အာဏာရှင်စနစ်ကို ဒီမိုကရေစီစနစ်သို့ တမုဟုတ်ချင်း ၁၈၀˚ လှည့်ပြောင်းပစ်နိုင်မှာ မဟုတ်။ အကူးအပြောင်းကာလ လုပ်ငန်းစဉ် ရှိရမည်။ အကူးအပြောင်းကာလ လုပ်ငန်းစဉ်ကို ပွင့်ပွင့်လင်းလင်း ကျေကျေညက်ညက် ဆွေးနွေးကြဖို့ လိုသည်။ သို့မှသာ ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ပါလိမ့်မည်။

မင်္ဂလာအပေါင်း ပြည့်စုံသည့် ၂၀၀၆ ခုနှစ်သို့

၃၀ – ၁၂ – ၂၀၀၅

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

КПРФ КОММУНИСТИЧЕСКАЯ ПАРТИЯ РОССИЙСКОЙ ФЕДЕРАЦИИ

СОДЕРЖАНИЕ

# ရုရှားပြည်ထောင်စုကွန်မြူနစ်ပါတီ (၁၁) ကြိမ်မြောက် အထူးကွန်ဂရက်သို့ ပေးပို့သော သဝဏ်လွှာ

သို့

သဘာပတိအဖွဲ့
(၁၁) ကြိမ်မြောက် အထူးကွန်ဂရက်
ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီ

မှ

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ရက်စွဲ– ၂၀၀၅ခုနှစ်၊ အောက်တိုဘာ ၂၁။

အကြောင်းအရာ– ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်ခင်လေးစားအပ်တဲ့ ရဲဘော်တို့–

ကျွန်တော်တို့ပါတီဝင်တရပ်လုံး၏ကိုယ်စား ရဲဘော်တို့အားလည်းကောင်း၊ ကွန်ဂရက်ကို တက်ရောက်လာကြတဲ့ ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီက ပါတီဝင်ကိုယ်စားလှယ်များနှင့် နိုင်ငံခြားမှညှေ့သည်ရဲဘော်များအားလည်းကောင်း နှုတ်ဆက်လိုက်ပါသည်။ ဤကွန်ဂရက်သည် မုချအောင်မြင်ပြီး ရုရှားပြည်ထောင်စုမှ ပြည်သူများအား အောင်ပွဲဆီသို့ခေါ်ယူသွားမည့် တောက်ပြောင်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်လိမ့်မည်ဟု ကျွန်တော်တို့ယုံကြည်ပါသည်။

အာရှနှင့် အရှေ့တောင်အာရှတိုက်မှ ကွန်မြူနစ်ပါတီများမှာ အောက်တိုဘာတော်လှန်ရေးအောင်ပွဲ၏ အဆက်အဖြစ် ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။ သူတို့သည် မာ့က်စ်လီနင်ဝါဒကို ကိုလိုနီဆန့်ကျင်ရေးတိုက်ပွဲလက်တွေ့အတွင်းမှာ လေ့လာခဲ့ကြပါသည်။ ထို့ကြောင့် ဤပါတီများသည် ကိုလိုနီဆန့်ကျင်ရေး စိတ်ဓာတ်ပြင်းထန်စွဲမြဲနေပါသည်။

ယနေ့အခါတွင် ကမ္ဘာကြီးမှာ လီနင်၏ခေတ်ကာလတုန်းကကဲ့သို့ပင် စစ်နှင့်ငြိမ်းချမ်းရေးပြဿနာနှင့် ကြုံတွေ့နေရသည်ဟု ကျွန်တော်တို့ထင်ပါသည်။ တဦးတည်းသော စူပါပါဝါကြီးက တားမနိုင်ဆီးမရ တိုးချဲ့နေခြင်းကြောင့် ဒေသစစ်ပွဲတွေ နေရာအများအပြားမှာပေါ်ပေါက်နေပြီး ကမ္ဘာကြီးကို ပိုမိုကျယ်ပြန့် တဲ့ စစ်ပွဲတွေနဲ့ခြိမ်းခြောက်နေပါတယ်။ ကမ္ဘာ့အခင်းအကျင်းသစ် ပုံပေါ်မလာမီကာလမှာ နိုင်ငံတခုကနေပြီး ဒီရာစုနှစ်ကို ကိုယ့်ရာစုနှစ်ရယ်လို့ တံဆိပ်တုံးရိုက်ရန်ရမ်းရမ်းကားကား ကြိုးစားနေခြင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အကျိုးမရှိချေ။ သူ့အဆိုအရဆိုလျှင် သူတို့၏အကျိုးစီးပွားမှာ နေရာတကာတွင်ရှိ၍ သူတို့အနေဖြင့် မည်သည့်လက်နက်ကိုမဆိုအသုံးပြုရန်အသင့်ရှိကြောင်းနှင့် လက်ဦးမှုယူပြီး တိုက်စရာရှိလျှင်လည်း တိုက်မည်ဖြစ်ကြောင်း ပြောင်ကြေညာထားပေသည်။ တကယ်လို့သာ စစ်ကြီးဖြစ်လာလျှင် ကျွန်တော်တို့သည် လီနင်ဝါဒအလံကို လွှင့်ထူပြီး အခြေအနေကို အကောင်းဆုံးအသုံးပြုကာ စစ်အာဏာရှင် ထမ်းပိုးအောက်မှလွတ်မြောက်အောင် လုံးပန်းသွားမည်ဖြစ်ပါသည်။

စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲကြီးများ ပေါ်ထွက်နေသည်ကို ယနေ့အခါ နိုင်ငံအများအပြားတွင် တွေ့မြင်နိုင်ပေသည်။ နယ်ချဲ့သမားက ကမ္ဘာကိုစိုးမိုးရန်အကြံအစည်ကို ဆက်လက်ကိုင်စွဲထားသ၍ ယင်းသို့သောလှုပ်ရှားမှုများ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ နယ်ချဲ့သမားက သူ့တိုးချဲ့မှုနဲ့သူ ကြာလေနစ်လေဖြစ်နေပြီး တဖက်တွင် ဤကဲ့သို့သော တိုက်ပွဲများကြီးမား ကျယ်ပြန့်လာပါလိမ့်မည်။ နိုင်ငံတကာမှ ပစ္စည်းမဲ့များသည် အဖိနှိပ်ခံ လူတန်းစား၊ လူ့အလွှာများနှင့် လက်တွဲကာ အရေးပါသောအခန်းက ပါဝင်ကြပါလိမ့်မည်။

ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီ၏ (၁၁)ကြိမ်မြောက်အထူးကွန်ဂရက် အောင်မြင်ပါစေ။

ရုရှားပြည်ထောင်စု ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီတို့အကြားမှ ညီနောင်ဆက်ဆံရေး အစွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

# ‘ဒီမို ၂၀၀၆’ ကလာပ်စည်းများသို့ တွန်းမြနန်စ်တို့ရဲ့ (အကြံပြုချက် ၆ ချက်)

(၁)

နိုင်ငံရေးအကျပ်အတည်း၊ စီးပွားရေးအကျပ်အတည်း၊ စစ်ရေး၊ လူမှုရေး၊ ပညာရေးစသော ကဏ္ဍအသီးသီးတွင် အကျပ်အတည်းများ ပေါ်နေသည်။ အထွေထွေအကျပ်အတည်းကြီးဆီသို့ ရှေ့ရှုနေပြီ။ ဤသို့သော အခြေအနေတွင် လူထု၏ အလိုအလျောက်ပေါက်ကွဲမှုများ ပေါ်နိုင်သည်။ မိမိတို့၏ ပြင်ဆင်မှုကို ပြည့်စုံအောင်လုပ်ရမည့်အချိန် ဖြစ်ပါသည်။ အချက်အချာ နေရာများတွင် ‘ဒီမို ၂၀၀၆’ ကလာပ်စည်းများ ရှိနေဖို့ လိုနေပါသည်။

ဤသို့ဆိုသဖြင့် ခပ်လောလောလုပ်ရမည်ဟု မဆိုလိုပါ။ မြဲမြံသောခြေလှမ်းဖြင့်သာ တိုးချဲ့ရပါမည်။ ‘အခါအခွင့်ကောင်း’ ဆိုတာ ဖန်တီးယူရသောအရာ မဟုတ်ပါ။ ပကတိဘာဝအခြေအနေများအရသာ ဖြစ်လာလေ့ ရှိသည်။ မိမိတို့လုပ်နိုင်တာက ‘ဒီမို ၂၀၀၆’ ကို တိုးချဲ့ထားဖို့ ဖြစ်သည်။ သို့မှသာ အခါအခွင့်ကောင်းကို အသုံးချပြီး ဒီမိုကရေစီအောင်ပွဲကို အရယူနိုင်မှာ ဖြစ်သည်။

၁၉၇၄ – ၇၅ ကလောက် အခါအခွင့်ကောင်းပေါ်တာ (စစ်အာဏာရှင်ခေတ်တွင်) ဘယ်တုန်းကမှ မရှိဖူးပါ။ ထိုအခါ အခွင့်ကောင်းကို လူထုက (သူတို့ဘာဝလက်တွေ့အရ) လုပ်ကြတာ ဖြစ်သည်။ ထိုအခါက (ဗကပ ယူဂျီ) ပဲရှိလို့ အခါအခွင့်ကောင်းကို ကောင်းကောင်း အသုံးမချနိုင်ခဲ့ပါ။

ယခုတချီတွင် ‘ဒီမို ၂၀၀၆’ များ အချက်အချာနေရာများတွင် ရှိနေပါက အခါအခွင့်ကောင်းကို ကောင်းကောင်း အသုံးချနိုင်လိမ့်မည်။ ရည်မှန်းချက် ပေါက်မြောက်လိမ့်မည်။ (ရည်မှန်းချက်က ‘စေ့စပ်ဆွေးနွေးပွဲ’ ဖြစ်လာဖို့နဲ့ ၂ ဘက် အပေးအယူ ရှိကာ ဆုံးဖြတ်ချက်ကောင်း ကျဖို့ပဲ ဖြစ်မည်။)

(၂)

အရေးကြီးတာကိုပဲ တခုစီ တင်ပြအကြံပေးပါမည်။

(က) လျှို့ဝှက်ရေးနဲ့လုံခြုံရေး မပေါက်ကြားအောင် သတိပြု။

- ‘ဒီမို ၂၀၀၆’ တွင် ဗဟိုမရှိပါ။ **logo** ပဲ ရှိသည်။ တက်ကြွလုပ်ရှားသူ အစုကလေးများက ဆန္ဒတူညီသူများကို စုစည်းပြီး **logo** ကို သုံးကာ ကလာပ်စည်းဖွဲ့ထားကြရတာ ဖြစ်သည်။ ကိုယ့်အတွင်းမှာ စိစစ်နိုင်သော်လည်း တခြားကလာပ်စည်းများကို မစိစစ်နိုင်ပါ။ တပ်မတော်ထဲ၊ ကြံ့/ဖွံ့ထဲ၊ တရားဝင်တည်ရှိနေတဲ့ အဖွဲ့တွေထဲမှာလည်း ‘ဒီမို ၂၀၀၆’ တွေ ဖွဲ့ထားသည်။ ရန်သူက ဝင်လာပြီး ရောင်တော်ပြန်နဲ့ ရောလွှတ်တာ ရှိနိုင်သည်။ မပြတ် စိစစ်နေရပါမည်။

  တခြား ‘ဒီမို ၂၀၀၆’ တွေနဲ့ မဆက်မိပါစေနဲ့။ မိမိကလာပ်စည်းဝင်တွေကိုလည်း မဆက်ကြဖို့ သတိပေးနေရပါမည်။ ဒါကို ‘ပြားလိုက် မဆက်ရေး’ လို့ ယူ/ဂျီ စည်းကမ်းက ဆိုပါသည်။ ပြားလိုက် ဆက်မိလျှင် ဒုက္ခရောက်တတ်ပါသည်။
- အထက်နဲ့ဆက်သွယ်တာ၊ မိမိက တိုးချဲ့ဖွဲ့စည်းထားတဲ့ အောက်ခြေကလာပ်စည်းတွေနဲ့ ဆက်သွယ်တာတော့ လုပ်နေရမည်။ ဒါကို ယူ/ဂျီ စည်းကမ်းက ‘ဒေါင်လိုက်ဆက်ရေး’ ဟု သုံးသည်။
- ဗဟိုတခုတည်းရဲ့ အောက်မှာရှိတဲ့ ကလာပ်စည်းချင်းပင်လျှင် ‘ပြားလိုက်’ မဆက်ရပါ။ ‘ဒေါင်လိုက်’ ပဲ ဆက်ရသည်။ ‘ပြားလိုက်’ ဆက်မိလျှင် “လိုင်းပူး” ပြီး “ရှော့ခ်” မိတတ်သည်။ ယခုလို ဗဟိုမရှိသော အခြေအနေတွင် ပြားလိုက် မဆက်မိအောင် အထူးသတိထားရလိမ့်မည်။ ဗဟိုရှိနေလျှင်တော့ မတော်တဆ ‘ပြားလိုက်’ ဆက်မိနေလျှင် ဗဟိုကဝင်ပြီး လိုင်းခွဲပေးလိုက်လို့ ရသေးသည်။ ဒါကြောင့် ဘယ်လောက်ပဲ စိတ်ချရပါစေ၊ ‘ပြားလိုက်’ ဘယ်တော့မှ၊ ဘယ်သူနဲ့မှ မဆက်မိဖို့ သတိပြုပါ။

- ဒေါင်လိုက်ဆက်ရေးကိုလည်း ကလာပ်စည်းဝင် (၃) ယောက် ရှိတာမှာ (၃) ယောက်စလုံးက (အထက်နဲ့ဖြစ်ဖြစ်၊ အောက်နဲ့ဖြစ်ဖြစ်) မဆက်ရပါ။ တာဝန်ရှိသူတဦး သတ်မှတ်ထားပြီး သူတဦးတည်းကပဲ ဆက်ရပါသည်။ ဒါမှ မသင်္ကာစရာ ရှိလျှင် အဆက်ဖြတ်နိုင်မည်။ ထိလျှင်လည်း သူတဦးတည်း ထိမည်။ ကြိုသိလျှင် ရှောင်နိုင်သည်။

(ခ) ဆက်သွယ်ရေးစနစ် ကောင်းကောင်းရှိရမည်။

- 'တွေ့ဆက်' စနစ်ပဲ အကောင်းဆုံး ဖြစ်သည်။ 'တွေ့ဆက်' ဆိုတာ တာဝန်ခံ ၂ ဦးပဲ လူချင်းတွေ့ပြီး ဆက်သွယ်တာ ဖြစ်သည်။
- 'တွေ့ဆက်' မလုပ်နိုင်သည့်အခြေအနေမှာ 'ဆက်ထုံး' ထားပြီး ဆက်သွယ်ရပါမည်။ ကြားလူထားပြီး ဆက်သွယ်ဖို့ပြောတာ ဖြစ်သည်။

'ဒီမို ၂၀၀၆'တွင် ဗဟို မရှိပါ။ logo ပဲ ရှိသည်။

'ဆက်ထုံး' ကိုလည်း သတ်သတ်မှတ်မှတ်ထားရမည်။ ဗျောက်သောက်ထားလို့ မဖြစ်ပါ။ လျှို့ဝှက်စာစနစ် တီထွင်ထားရမည်။

- ပြည်ပတွင် ဗမာပြည်သားတွေ သန်းချီပြီး ရှိနေသည့်ခေတ်ဖြစ်လို့ ဆက်သွယ်ရေး လုပ်ရတာ ယခင်ကထက် လွယ်ပါလိမ့်မည်။ လျှို့ဝှက်လုံခြုံရေးကိုတော့ အထူး သတိပြုသင့်ပါသည်။
- 'ကိုယ်နဲ့မဆိုင်လျှင် မစပ်စုနဲ့၊ မတော်တဆ သိသွားရင် မေ့ပစ်လိုက်၊ နောင်မှာ မဖြစ်အောင် သတိပြု' ဆောင်ပုဒ် ကိုင်စွဲထားဖို့ လိုသည်။

(ဂ) လှုံ့ဆော်ရေး၊ ဝါဒဖြန့်ချိရေး လုပ်စရာမလို။

- မီဒီယာတွေရဲ့လုပ်ငန်း၊ သူ့ဘာသာ ကောင်းကောင်းမွန်မွန် လည်ပတ်နေသည်။ ယေဘုယျအားဖြင့် 'ဒီမို ၂၀၀၆' က မီဒီယာ အလုပ် ဝင်လုပ်စရာ မလိုပါ။ 'ဒီမို ၂၀၀၆'၏ အဓိက တာဝန်က "အင်အားစုဆောင်း၊ ရေရှည်မြှုပ်နှံ၊ အခါအခွင့်ကောင်း စောင့်ဖို့" ဖြစ်သည်။
- စုဆောင်းထားသည့် အင်အားစုရဲ့ အတွေးအခေါ်တည်ဆောက်ရေးကို အလေးထားရလိမ့်မည်။ အတွေးအခေါ် ကြံ့ခိုင်မှ တော်လှန်တဲ့စိတ်ဓာတ်ရှိမှ အခါအခွင့်ကောင်းကို အသုံးချနိုင်လိမ့်မည်။
- မီဒီယာများမှ အတွေးအခေါ်မျိုးစုံ ကြားနေရလိမ့်မည်။ ကလာပ်စည်းများက စဉ်းစားဝေဖန်သုံးသပ်တာ လုပ်နေရမည်။ အတွေးအခေါ်လုပ်ငန်းကို လေးလေးနက်နက်လုပ်ဖို့ လိုသည်။ "အပျော်တမ်းဆန်ဆန်" မလုပ်ဘဲ "ရာသက်ပန်တော်လှန်ရေးသမား" ဆန်ရလိမ့်မည်။

(ယူ/ဂျီ အတွေ့အကြုံများအရဆိုလျှင် 'အပျော်တမ်းဆန်မှု' က ဆုံးရှုံးမှုများကို ဖြစ်စေသည်။)

(ဃ) လူထုနဲ့ တသားတည်းနေ၍ လူထုအသံကို နားထောင်။

- ဤအလုပ်သည် 'ဒီမို ၂၀၀၆ ကလာပ်စည်း' တိုင်း၏အလုပ် ဖြစ်သည်။ စက်ရုံကလာပ်စည်းက အလုပ်သမားထု၏ အတွေးအခေါ်၊ တပ်တွင်းကလာပ်စည်းက တပ်သားထုအတွေးအခေါ်၊ ကျေးလက်ကလာပ်စည်းက လယ်သမားထု အတွေးအခေါ်၊ ကျောင်းသားကလာပ်စည်းက ကျောင်းသားထုအတွေးအခေါ် စသဖြင့် ဆုပ်ကိုင်နိုင်ရပါမည်။

(၁၉၈၉ တုန်းက နဝတ က ရွေးကောက်ပွဲလုပ်ပေးမည်ဟု ပြောလာတော့၊ ဗကပ နိုင်/ဦး အဖွဲ့အတွင်း ရွေးကောက်ပွဲ 'သပိတ်မှောက်ရေး' ကို လူထုသို့ တင်ပြရမလား၊ 'ဝင်ရေး' ကို တင်ပြရမလား ချီတုံချတုံ ဖြစ်နေခဲ့သည်။ လူထုအသံကို အနီးကပ်နားထောင်နေသော (၄၈၂၈) ယူ/ဂျီ ၏ သဘောထားကို မေးကြည့်ခဲ့သည်။ (၄၈၂၈) က "လူထုက NLD ရွေးကောက်ပွဲ ဝင်စေချင်သည်။ NLD မုချနိုင်မည်" ဟု ယတိပြတ်တင်ပြလာသည်။ ထို့ကြောင့် မှန်ကန်သောဆုံးဖြတ်ချက် ချနိုင်ခဲ့သည့်သာဓက ရှိသည်။)

- လူထု၏အသံကို မှန်မှန်ကန်ကန် ရောင်ပြန်ဟပ်ပြနိုင်ဖို့ အလုပ်မှာ ယူ/ဂျီ များ၏ အဓိကအကျဆုံး အလုပ်တခု ဖြစ်သည်။

(င) အခါအခွင့်ကောင်း ဟုတ်မဟုတ် မည်သူ ဆုံးဖြတ်မလဲ။

- တခွင်တပြင်လုံးကို ကြည့်မြင်သုံးသပ်နိုင်သော ပါတီအဖွဲ့အစည်းများ၏ ဗဟိုများက 'ဒီမို ၂၀၀၆ ယူ/ဂျီ' များ၏ တင်ပြအကြံပေးချက်များကို ခြုံငုံသုံးသပ်ကာ ညှိနှိုင်းပြီးဆုံးဖြတ်မည် ဖြစ်သည်။
- ပါတီအဖွဲ့အစည်းတိုင်းတွင် ၈၈ ခုနှစ်အတွေ့အကြုံများ ရှိထားပြီးဖြစ်၍ အခါအခွင့်ကောင်း ရောက်မရောက် ဆုံးဖြတ်နိုင်စွမ်း ရှိကြသည်ဟု ယူဆသည်။

- အခါအခွင့်ကောင်း ရောက်မရောက်ကို ဆန္ဒဖြင့်ဆုံးဖြတ်၍ မရပါ။ ပကတိအခြေအနေ (လူထု၏အခြေအနေ) ကို အခြေခံမှ မှန်ကန်သည့်ဆုံးဖြတ်ချက် ချနိုင်မည် ဖြစ်ပါသည်။
- '၂၀၀၆' ခုနှစ် တနှစ်လုံး ပကတိအခြေအနေ (လူထုအခြေအနေ) ကို အကဲဖြတ်နေဖို့ အရေးကြီးသည်။

(စ) ကြွေးကြော်သံ (ဆောင်ပုဒ်) ကို တသမတ်တည်းထား။

- NLD/CRPP နဲ့ တပ်မတော် စေ့စပ်ဆွေးနွေးပွဲဖြစ်ရေးကိုပဲ တသမတ်တည်း ထားသင့်သည်။ 'တပ်မတော်' ဆိုတာ 'နအဖ' မဟုတ်ပါ။ ၁၉၄၄ ခုနှစ်က ဗကပ (သခင်စိုး) နှင့် တပ်မတော် (ဗိုလ်ချုပ်အောင်ဆန်း) တို့ ဆွေးနွေးပွဲ ပဲခူးတွင် ဆွေးနွေးခဲ့သည်။ ကွန်မြူနစ်နဲ့ တပ်မတော် ညီညွတ်ရေးရပြီး (ဖတပလ) ဖွဲ့နိုင်ခဲ့သည်။ သူတို့က တစိမ်းတွေ မဟုတ်ကြပါ။ သခင်အောင်ဆန်းက ဗကပ (ထွေ/မှူး) အဟောင်းဖြစ်ပြီး၊ သခင်စိုးက ဗကပ (ထွေ/မှူး) အသစ် ဖြစ်သည်။

  ယခု ဆွေးနွေးကြလျှင် တပ်မတော်တပ်မှူးကြီးဟောင်းများနဲ့ တပ်မတော်တပ်မှူးကြီး အသစ်တို့ပဲ ဖြစ်မည်။ သိပ်ပြီး စိမ်းနေသူများ မဟုတ်နိုင်။ ၂၀၀၆ ခုနှစ် ကျော်လျှင်ကား တစိမ်းပြင်ပြင် ဖြစ်ကြတော့မည်။ ထို့ကြောင့် 'ဒီမို ၂၀၀၆' က ၂၀၀၆ ခုနှစ်မှာ စေ့စပ်ဆွေးနွေးပွဲ ဖြစ်စေချင်သည်။
- ကြွေးကြော်သံ (ဆောင်ပုဒ်) ကို အလွယ်တကူပြင်လိုက်လို့ မဖြစ်ပါ။ ဖြစ်လေ့ရှိသည်မှာ တက်ကြွနေလျှင် ဆောင်ပုဒ်ကို တရစ်ပြီးတရစ် မြှင့်တင်လေ့ရှိပြီး၊ မတက်ကြွတော့လျှင် တရစ်ပြီးတရစ် လျှော့လေ့ရှိသည်။ ထိုသို့ မလုပ်သင့်ပါ။
- NLD က ၁၉၉၀ ကတုတ်က ကျင်းတူးခံနေသည်။ SLORC/SPDC က မာရယ်လောကတုတ်က ကျင်းတူးခံနေသည်။ သူတို့ချင်း စေ့စပ်ဖို့မလွယ်။ တပ်မတော်ထဲက စေ့စပ်ဆွေးနွေးအဖြေရှာချင်သူများ ပေါ်လာပြီး စေ့စပ်ဆွေးနွေးပွဲ ဖြစ်လာဖို့ အောင်မြင်စေဖို့ကိုပဲ တသမတ်တည်း ကြွေးကြော်ကြဖို့သင့်သည်။

## "စစ်အုပ်စု သေရာပါမယ့် အားနည်းချက် ၂ ခု"

**သဏ္ဍာန်အားဖြင့်ကြည့်ရင် စစ်အုပ်စု – စစ်အာဏာရှင်စနစ် – စစ်အစိုးရဟာ အင်အားကြီးတယ်လို့ ထင်ရပေမယ့် ၎င်းမှာလည်း အလွန်အဓိကကျတဲ့ အားနည်းချက် ၂ ချက် ရှိနေတယ်။**

**ပထမတချက်က နေဝင်းလက်ထက်မှစပြီး အဆက်မပြတ် ဖြစ်လာတဲ့ သူ့အတွင်းပိုင်းပဋိပက္ခ – အုပ်စုတိုက်ပွဲ အာဏာလုပွဲပဲ။**

**ဒုတိယတချက်က ပြည်သူကိုမယုံကြည်တဲ့ ပြည်သူကိုဆန့်ကျင်တဲ့ ပြည်သူနဲ့ကင်းကွာတဲ့ ပြည်သူရဲ့ထောက်ခံမှုကို မရတဲ့ ပြည်သူတွေရဲ့ဆန့်ကျင်မှုကို ခံနေရတဲ့အချက် ဖြစ်တယ်။**

# ယူဂျီအတွေ့အကြုံ
# နှင့်
# သင်ခန်းစာများ

## UG ဆိုတာဘာလဲ?

**UG ဆိုတာ ကမ္ဘာ့တော်လှန်ရေး ယဉ်ကျေးမှု အမွေအနှစ်တခု ဖြစ်တယ်။ ဖောက်ပြန်တဲ့ အုပ်စိုးသူအဆက်ဆက်ကို ပြည်သူတွေက ဖြုတ်ချချင်တဲ့အခါ၊ ပြုပြင်ပြောင်းလဲချင်တဲ့အခါမှာ သုံးတယ်။**

အဖိနှိပ်ခံတွေက ပထမဆုံး အသနားခံတဲ့နည်းကို သုံးတယ်။ နောက် ဆန္ဒပြတဲ့နည်းကို သုံးတယ်။ အုပ်စိုးသူတွေက မပြုပြင် မပြောင်းလဲတဲ့အပြင် အကြမ်းဖက်နည်းနဲ့ တန်ပြန်တယ်။ စစ်တပ်နဲ့ အုပ်ချုပ်ရေး ယန္တရားကို ကိုင်ထားတဲ့ အုပ်စိုးသူတွေက ချေမှုန်း လိုက်နိုင်တာချည်းပါပဲ။ ဒါကို တချို့က ချောင်းမြောင်းသတ်ဖြတ် – လုပ်ကြံမှုတွေသုံးပြီး ကလဲ့စားချေပါတယ်။ ကာလတခု ဖြတ်သန်းပြီးတဲ့နောက် ဒီနည်းဟာ လွတ်မြောက်ရာလမ်းကို ပို့ဆောင်နိုင်တဲ့လမ်း မဟုတ်ကြောင်း သိလာခဲ့ကြတယ်။

ပြောင်လုပ်လို့က ထွက်ပေါက်မတွေ့တဲ့အခါ UG ဆိုတဲ့ (လျှို့ဝှက်မြေအောက်ပုံစံ) သန္ဓေတည်လာပါတယ်။ ကမ္ဘာ့ နိုင်ငံအသီးသီးရဲ့ တော်လှန်ရေးတွေ အစပျိုးအားယူကြရာမှာ ဒီပုံစံကို အသုံးချပြီး ကြိတ်အင်အား စုဆောင်းတာ တိုက်ပွဲဆင်ကြတာတွေ တွေ့နိုင်ပါတယ်။

## ဗမာပြည် UG သမိုင်း

ဗမာပြည် UG လှုပ်ရှားမှုတွေ ပေါ်လာတာလည်း ထိုနည်းနှင်နှင်ပါ။ ၁၃၀၀ ပြည့် အရေးတော်ပုံ ကျရှုံးပြီးတဲ့နောက် UG သန္ဓေတည်လာပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာတာက ဂျပန်ခေတ်ဖြစ်ပါတယ်။ ဖက်ဆစ်ဂျပန်တွေက ပြည်သူတွေကို နည်းမျိုးစုံ ညှင်းပန်းသတ်ဖြတ်နေတဲ့ ကာလမှာ မျိုးချစ်ပြည်ချစ်တွေက UG အစုလေးတွေကို ခိုင်ခိုင်မာမာ တည်ဆောက်ပြီး ပရိယာယ်ကြွယ်ကြွယ် ပြောင်ပြောင်မြောက်မြောက် ကျင့်သုံးခဲ့တဲ့ နည်းနာလည်း ဖြစ်ပါတယ်။

ရုရှား၊ ဂျာမဏီ၊ ချက်ကိုစလိုဗေကီးယား၊ ဘူလ်ဂေးရီးယား၊ ယူဂို စတဲ့ ဥရောပနိုင်ငံများထံမှ စိတ်ဓာတ်ခွန်အားနဲ့ နည်းနာများကို အမွေဆက်ခံခဲ့ကြတယ်။ တရုတ်၊ အိန္ဒိယ စတဲ့ အာရှနိုင်ငံများရဲ့ အတွေ့အကြုံအများကို လက်တွေ့ထဲမှာ အသုံးချ ခဲ့ကြတယ်။

**ဂျပန်ခေတ် –** ဒုတိယကမ္ဘာစစ် ပျိုးစကတည်းက ဗမာပြည်မှာ ရှေ့တန်းရောက် တော်လှန်ရေးသမားတွေက နယ်ချဲ့စနစ်နဲ့ နာဇီဖက်ဆက်တွေရဲ့ သဘောသဘာဝကို ခွဲခြမ်းစိတ်ဖြာထားကြပြီး ဖြစ်တယ်။ နယ်ချဲ့ချင်း ပဋိပက္ခအတွင်းမှာ ကိုယ့်နိုင်ငံ လွတ်မြောက်ရေးအတွက် လမ်းစဉ်ပေါ်လစီတွေကို ကြံဆထား ကြပြီး ဖြစ်တယ်။

ထူးခြားချက်ကတော့ လမ်းစဉ်မှန်ကို ထောင်ထဲ ရောက်နေတဲ့ မာ့က်စ်ဝါဒီတွေက တင်ပြနိုင်ခြင်း ဖြစ်တယ်။ အင်းစိန်စစ်တမ်းနဲ့ မြင်းခြံစစ်တမ်းတို့ဟာ ပြောင်မြောက်တဲ့ လမ်းစဉ်တွေအဖြစ် ပေါ်ထွက်လာတယ်။ ဒီလမ်းစဉ် ထောင်ပြင် ရောက်သွားတဲ့အခါ အပြင်မှာရှိတဲ့ တော်လှန်ရေးသမားတွေက စနစ်တကျ ကြိတ်စည်းရုံး၊ ကြိတ်အင်အားစုခဲ့ကြတယ်။ ဂျပန်ရောက်မလာမီကတည်းက မြို့အချို့မှာ UG ကလာပ်စည်း လေးတွေ ရှိနေပါပြီ။

တော်လှန်ရေး အစဉ်အလာ ရှိတဲ့ မြို့ကြီးတွေမှာ တဖွဲ့နဲ့တဖွဲ့မသိဘဲ အစုလေးတွေ ၃စု ၄စု စသည် ရှိနေကြပြီ။ BIA ရောက်လာတော့မှ သွားဆုံကြတာ ဖြစ်တယ်။

တိုတောင်းတဲ့ ဖြတ်သန်းမှု ကာလအတွင်း UG အင်အားတွေ တိုးများလာခဲ့တယ်။ UG တို့ သဘောသဘာဝအတိုင်း တဖက်မှာ ကျဆုံးမှုတွေလည်း ရှိခဲ့တယ်။ သို့သော် သင်ခန်းစာယူ နိဂုံးချုပ်ကြကာ ရှေ့ကို တဆင့်ပြီးတဆင့် တက်လှမ်းနိုင်ခဲ့ ကြတယ်။

နောက်ဆုံး မြေပေါ်မြေအောက် ပေါင်းစပ်မိပြီး ဂျပန်တော်လှန်ရေး အောင်ပွဲ ခံနိုင်ခဲ့တယ်။

**လွတ်လပ်ရေးခေတ်** – တလျှောက်လုံး UG စည်းရုံးရေး ရှိမြဲရှိနေခဲ့တယ်။ လက်နက်ကိုင်တော်လှန်ရေးပေါ်ပြီး နောက်မှာလည်း စဉ်ဆက်မပြတ် ရှိခဲ့တယ်။

ပဲခူးရိုးမဗဟိုကနေ ချုပ်ကိုင်ပြီး UG ကလာပ်စည်းတွေ ဖွဲ့တာ၊ ကြိတ်အင်အားစုဆောင်းတာ၊ တိုက်ပွဲဖော်တာတွေ လုပ်ခဲ့တယ်။ ရန်သူ့အတွင်းပိုင်းအထိ နက်နက်ရှိုင်းရှိုင်းမြုပ်နှံ အလုပ်လုပ်နိုင်ခဲ့ကြတယ်။ တိုက်ပွဲဖော်ရင်၊ အလုပ်လုပ်ရင် ကျဆုံးမှုဆိုတာကတော့ ရှောင်လို့မရပါ။ အရှုံးအမြတ်ကို တွက်ဆပြီး ဗဟိုညွှန်ကြားချက် (ယေဘုယျ/သီးသန့်) အတိုင်း တာဝန်ရှိသူများက အကောင်အထည် ဖော်ကြရတာပါ။

ကျဆုံးတယ် ဆိုရာမှာ UG စိတ်ဓာတ်၊ UG စည်းကမ်း၊ UG ညွှန်ကြားချက်အတိုင်းလုပ်လို့ ကျဆုံးတယ်ဆိုတာ နည်းပြီး မလိုက်နာလို့ ကျဆုံးရတာက များပါတယ်။ ကျဆုံးမှုဆိုတာကို နိဂုံးချုပ်တိုင်း ‘ငြိ’ နေတဲ့ အချက်အလက်တွေ တွေ့တွေ့နေရ ပါတယ်။

**အရှေ့မြောက်စစ်ဒေသကာလ** – ပဲခူးရိုးမဗဟို ကျဆုံးပြီးတဲ့နောက် နယ်စပ်ဒေသဗဟိုက တပြည်လုံးရဲ့ UG လုပ်ငန်းကို အမွေဆက်ခံရပါတယ်။

UG လုပ်ငန်းကို အသက်ပြန်သွင်းပါတယ်။ အသက်ပြန်ဝင်လာပါတယ်။ အင်အားတွေ တိုးပွားလာပါတယ်။

သို့သော် ကြာကြာမခံလိုက်ပါ။ ၇၈ ခုနှစ်မှာ အထက်ဗမာပြည် (UB) UG စကျရာက အနှံ့အပြား ကျဆုံးတာတွေ ရှိခဲ့တယ်။

UB ကျဆုံးရာမှာ ရဲဘော်ချင်း လူမှုရေးအရ စာနာထောက်ထားလိုက်မိရာက အတောမသတ် ကျဆုံးမှုတွေ ဖြစ်ပေါ်သွားခဲ့တာပါ။

အောက်ဗမာပြည် (LB) က UG တယောက် မန္တလေးကို တက်လာပြီး ခိုကပ်စရာရှာပါတယ်။ မန္တလေး UG တယောက်က စာနာမှုနဲ့ အကပ်ခံလိုက်ပါတယ်။ သူသွားလေရာ နောက်ကလိုက်နေတဲ့ ထလရ က အကုန်မှတ်ထားပြီး အချိန်ကျတာနဲ့ ပိုက်စိတ်တိုက် ဖမ်းတော့တာပါပဲ။

ဒေါင်လိုက်စနစ်ကနေ ပြားလိုက်လုပ်မိရာက UB တခုလုံး ကုန်သလောက်ဖြစ်သွားခဲ့တယ်။ မခိုင်မာတဲ့သူကို အချက်အချာကျတဲ့နေရာ တာဝန်ပေးမိလို့ ငါးပါးမှောက်ကြရတယ်။

မန္တလေးမှာ ဒါမျိုးကြုံခဲ့တယ်။ ဖော်စရာမရှိ ကြံဖန်ဖော်နေလို့ ထောက်လှမ်းရေးကတောင် ဖမ်းမနိုင်ဖြစ်ပြီး ‘တော်ပါတော့ကွာ’ လို့ တားယူရတဲ့အထိ ဖြစ်ခဲ့တယ်။

**LB ကျဆုံးခန်း** – UB ကျဆုံးစဉ်လောက်မှာ LB UG ကလည်း အရှိန်ရနေပါပြီ။ ကျယ်ပြန့်တဲ့ လူထုလူတန်းစား အလွှာအသီးသီးမှာ ထိုးဖောက်အထိုင်ကျစ ပြုနေပါပြီ။ သို့သော် တက်ကြွလှတဲ့ လူငယ်လူသစ်တချို့ဟာ ကြိတ်ပြီး အချိန်ယူ အင်အားစုဆောင်းနေရမယ့်အစား တရားဝင် O/G စည်းရုံးသလို စည်းရုံးဝါဒဖြန့်တာမျိုးတွေ ရှိခဲ့တယ်။ သူတို့နဲ့ဆက်မိတဲ့ UB က ပြေးလာတဲ့သူတွေကို အားတက်သရော ကူညီပါတယ်။ ကောင်းတဲ့စိတ်ဓာတ်ပါ။ သို့သော် ကြာလာတော့ ပြားလိုက်စနစ် ဖြစ်သွားပါတယ်။ သူတို့ရဲ့ အတွင်းပိုင်း စည်းရုံးရေးတွေ အတော်ပေါ်သွားခဲ့တယ်။ သူတို့တတွေ ဘာတွေလုပ်နေတယ် ဆိုတာကနေ ရှေ့ခြေလှမ်းတွေအထိ ပြောတဲ့သူက ပြောကြတယ်။ (မလိုတဲ့ကိစ္စပဲ)

ဒီအချိန်က LB က ရဲဘော်တွေအပြင် UB က ရဲဘော်တွေသည်ပင်UB ကျဆုံးရတာ ဘယ်သူ့ကြောင့်၊ ဘာ့ကြောင့်ဆိုတာ မသိကြသေးပါဘူး။ ဒါ့ကြောင့်လည်း ‘လူမှုရေးစာနာမှုဘောင်’ ထဲ ပြန်ဝင်နေမိကြတယ်။

ရဲဘော်တွေ မကျဆုံးရအောင် တာဝန်ယူဝှက်ပေးတာ လုပ်ရမှာပါပဲ။ ဒါပေမဲ့ သီးသန့်တာဝန်ပေးပြီး လုပ်သင့်တယ်။ အကန့်အသတ်နဲ့ပဲ လုပ်သင့်တယ်။ လူတွေတလျှောကြီး

**UG စိတ်ဓာတ်၊**

**UG စည်းကမ်း၊**

**UG ညွှန်ကြားချက်အတိုင်း လုပ်လို့**
**ကျဆုံးတယ်ဆိုတာ နည်းပြီး**

အသိပေး လုပ်ကိုင်တာမျိုးကိုတော့ ရှောင်ရမှာပါ။ (ဒါက အစုတစုရဲ့ အခြေအနေကို ကြားဖြတ်မိတ်ဆက်ပေးတာပါ။ ကံကောင်းထောက်မစွာ အဲဒီကာလက ဒီအစုဘာမှ မဖြစ်ခဲ့ပါဘူး)

LB/UG လည်း နောက် ၃ – ၄ နှစ် အကြာမှာ ကျဆုံးပါတယ်။ အစတစ ရသွားရာကနေ မီးခိုးကြွက်လျှောက်လိုက်ရာက UB လိုပဲ တာဝန်ခံကိုပါ ဖမ်းမိသွားပါတယ်။ ရန်ကုန်ကို ခေါ်လာစဉ် (ပါးတချက် အရိုက်မခံရသေးဘဲနဲ့) ကူးတို့လှေပေါ်မှာတင် အကုန်ဖော်ပါတယ်။ LB/UG လည်း လိုင်းတလိုင်းက ကုန်သလောက်ပါပဲ။

အုပ်စိုးသူက ပြည်သူတွေကို အတောမသတ် ဖိနှိပ်ညှင်းပန်းသတ်ဖြတ်နေတာကြောင့် UG ဆိုတာ ပေါ်နေဦးမှာပါ။ LB/UG နဲ့ မပတ်သက်ဘဲ UG အစုလေးတွေ ကိုယ့်ဘာသာ ထူထောင်ထားကြတာတွေလည်း အဲဒီကာလမှာ ရှိနေတာပဲ။

တချို့က ပါတီဗဟိုနဲ့လည်း အဆက်မရဘူး။ ဒီတော့ ကိုယ့်အဆက်နဲ့ကိုယ် UB က LB ထဲ၊ LB ကUB ထဲအထိ အဆက်လိုက်ရှာကြပါတယ်။ (ဒါကိုတော့ ကန့်သတ်လို့မဖြစ်) အဆက်ရသွားတာနဲ့ သူ့လိုင်းနဲ့သူ သန့်သန့်စီ ဖြစ်သွားတာပါပဲ။

**လက်တွေ့ခန်း** – ကျွန်တော်တို့ အနေနဲ့ UG စည်းကမ်း မလိုက်နာသူများ မကြာခဏ အကြောင်းအမျိုးမျိုးပြပြီး ချိုးဖောက်တတ်သူများကို ကြုံခဲ့ရဖူးတယ်။ စိတ်ဓာတ်တက်လျှင် ထိပ်ဖျား၊ ကျလျှင်အဝီစိအထိ ကျတတ်သူများကိုလည်း တွေ့ခဲ့ရဖူးတယ်။ တချို့က စမ်းသပ်တာဝန်ပေးရင်း၊ တိုက်ပွဲသွင်းပေးရင်း ခိုင်မာလာတယ်။ တချို့က စင်ထွက်သွားကြတယ်။

**Demo ၂၀၀၆ က လူသစ်တွေကို ပစ်ကွင်းထားသလို ......**

ကျွန်တော်တို့အနေနဲ့ လူမှုရေးဖောက်ပြားသူများ၊ စိတ်ဓာတ်ခိုင်မာပုံ မရသူများ၊ စည်းကမ်းကို မိမိဆန္ဒနဲ့ တထစ်တည်းကျမှ လိုက်နာသူများ၊ နှုတ်ဖွာသူများ၊ ဟန်ရေးပြတတ်သူများ၊ ကြွားဝါတတ်သူများ၊ အရက်၊ လောင်းကစား၊ မူးယစ်ဆေးဝါး ခုံမင်စွဲလမ်းနေသူများကို သိမ်းသွင်းဖို့ စိတ်မကူးခဲ့ကြပါ။ လူထုနဲ့ တသားတည်းရှိသူ၊ လူရိုသေရှင်ရိုသေ ရှိသူများကို ပစ်မှတ်ထားခဲ့ကြတယ်။ ဒါတောင် သိမ်းသွင်းပြီးကာမှ စင်ထွက်သွားတတ်သူများလည်း ရှိတတ်ပါတယ်။

နေ့စဉ်နေထိုင်မှု ဘဝမှာ ( UG ချင်း) အလုပ်တူ၊ ဝါသနာတူတဲ့ သူတွေဟာ အမြဲလို တွဲမိတတ်ကြတယ်။ ဂီတသမားချင်း၊ စာရေးဆရာ၊ ကဗျာဆရာ အနုပညာသည်ချင်း၊ ဝန်ထမ်းချင်း၊ ကျူရှင်ဆရာချင်း၊ အားကစားသမားချင်း ... ဆိုရင်တော့ ရှောင်လို့ မလွတ်နိုင်ပါ။ ဒီလိုတွဲကြတဲ့အခါ လုပ်ငန်းတောင်းဆိုမှု UG စည်းကမ်းနဲ့ ပဋိပက္ခ ရှိသလား၊ ဘယ်လောက် တောင်းဆိုထားသလဲ၊ ဆိုတာနဲ့ ယှဉ်ပြီး တွဲတာ၊ ခွဲတာ လုပ်တတ်ရပါမယ်။

ဂုဏ်ယူတတ်တာနဲ့ အသားယူ ကြွားချင်တာဟာ အနှစ်သာရမတူပါဘူး။ ပဲခူးရိုးမရောက်ဖူးတာ၊ အရှေ့မြောက် ရောက်ဖူးတာတွေကို မလိုအပ်ဘဲ ထုတ်ဖော်ပြောတာ ကြုံဖူးတယ်။ ကြားရတဲ့လူသစ် လူငယ်တွေက အားကျတာ၊ အထင်ကြီးတာ (ကာလတခုတော့) ခံရမှာပေါ့။ ဒါပေမဲ့ အဲဒီလို လူမျိုးပဲ လွတ်နေလျက်နဲ့ သွားအဖမ်းခံတာ၊ ရိုက်မစစ်ရသေးဘဲနဲ့ အကုန် ဖော်တာ လုပ်ခဲ့ပါတယ်။

UG သမားများ ပြေးဖို့ရှောင်ဖို့လိုပြီ၊ အချက်ပေးနေပြီ၊ ဒါပေမဲ့ သံယောဇဉ်ကြီးသူများ၊ နောက်ဆံတင်းသူများ၊ မပြေးမိ မရှောင်မိလို့ အဆွဲခံရတဲ့အထဲ ပါသွားတာလည်း ရှိတယ်။ ရဲဘော်ကောင်းတွေပါပဲ။ ပါတီအပေါ် သစ္စာမဖောက်ခဲ့ကြပါဘူး။

သင်ခန်းစာကတော့ သံယောဇဉ်ကြီးတာကို ‘မကြီးနဲ့’ လို့ တောင်းဆိုလို့မဖြစ်။ လိုအပ်မှုအရ ပြေးဖို့လိုရင်ပြေးဖို့ ကိုယ့်ကိုယ်ကိုယ် တည်ဆောက်ထားရပါမယ်။ ပြည်သူ့အတွက် စွန့်လွှတ်စွန့်စားကြတဲ့ အာဇာနည်တွေ၊ သူ့ရဲကောင်းတွေ အကြောင်း ရုပ်ရှင်၊ စာပေတွေမှာ တွေ့နိုင်တယ်။ ဒါတွေကို UG ရဲဘော်တွေက အတုယူလေ့လာထားသင့်တယ်။

အတွေးအခေါ် တည်ဆောက်ရေးအလုပ်ဟာ UG ကလာပ်စည်းခေါင်းဆောင် (အတွင်းရေးမှူး) ရဲ့ အဓိက အလုပ်ဖြစ်တယ်။ ‘အင်အားစုဆောင်း၊ ရေရှည်မြုပ်နှံ၊ အခါအခွင့်ကောင်းကိုစောင့်’ နေတဲ့ကာလမှာ အတွေးအခေါ် တည်ဆောက်ရေး လုပ်ထားနိုင်မှ အခါအခွင့်ကောင်းပေါ်တဲ့အခါ အဆင်သင့် ဖြစ်နေမယ်။ အပျော်တမ်းဆန်မှုကို တိုက်ဖျက်ထားနိုင်မယ်။ ရာသက်ပန်တော်လှန်ရေးသမားရဲ့ သန္နိဋ္ဌာန် ရှိနေမယ်။ အတွေးအခေါ် တည်ဆောက်ရေးမှာ ကိုယ်စီ လေ့လာရေးနဲ့ စုပေါင်းလေ့လာရေး ဒီနှစ်ခုကို စွဲစွဲမြဲမြဲ လုပ်ရမှာပဲ။ အတွင်းရေးမှူးက လေ့လာရေးစာစောင်တွေ၊ စာအုပ်တွေ သတ်မှတ်ပေးထားရတယ်။

အုပ်စိုးသူဘက်ကလည်း UG ကို ကြောက်ပါတယ်။ UG ကြောင့် သူတို့တွင်း တုန်ခါသွားတာတွေ ရှိခဲ့ဖူးတယ်။ ၈၈၈၈ ဟာ သူတို့အတွက် ပူပူနွေးနွေး သင်ခန်းစာပါ။ ဒါကြောင့်လည်း UG တားဆီးရေးအတွက် သူ့ခြံစည်းရိုးကို လုံအောင်ကာပါတယ်။ အောက်ခြေရပ်ကွက်ကောင်စီအထိ တာဝန်ပေး ထောက်လှမ်းစေပါတယ်။ ဒါကြောင့် UG လုပ်တဲ့သူတွေဟာ ရပ်ကွက် ကောင်စီတွေထဲအထိ ဝင်နိုင်အောင် ကြိုးစားသင့်ပါတယ်။

**လူဟောင်းလူသစ်** – UG လူဟောင်းတွေရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ရေရှည်စွဲမြဲမှု၊ လုပ်ငန်းအတွေ့အကြုံ စသည်တို့ဟာ တန်ဖိုးရှိလှပါတယ်။ ဒါပေမဲ့ Demo ၂၀၀၆ က လူသစ်တွေကို ပစ်ကွင်းထားသလို ထောက်လှမ်းရေးက လူဟောင်းတွေကို ‘ပစ်ကွင်း’ ထားနိုင်ပါတယ်။

လူသစ်ဆိုတာက သူတို့ဆီမှာ မှတ်တမ်းမရှိဘူး။ လူဟောင်းက ရှိတယ်။ လုပ်ချင်ကိုင်ချင်နေတဲ့ လူသစ်က လူဟောင်းနားကပ်တာ မဆန်းဘူး။ ဒါကို သတိထားကြရမယ်။ လူဟောင်းဟာ ‘တယ်ကြက်’ ဖြစ်ချင်ဖြစ်နေတတ်တယ်။

သတ္တရာဇ် ၂၀၀၆ မှာ UG လုပ်ငန်းနဲ့ အစပြုပြီး တိုင်းပြည်ရဲ့ အနာဂတ်ရုပ်ပုံကို ရေးခြယ်ကြပါစို့။

# ရေရှည်မြေပြင်နှင့် အခွင့်အခါကောင်းစောင့်

(၁)

အများသိကြတဲ့အတိုင်း ၁၉၇၄ – ၇၅ – ၇၆ ခုနှစ်တွေမှာ ကျောင်းသားတိုက်ပွဲတွေ ဆက်တိုက်ပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီတိုက်ပွဲတွေမှာ တက်ကြွလှုပ်ရှားသူ ကျောင်းသားတွေဟာ နီးစပ်ရာအစုလေးတွေချင်း ညှိနှိုင်းတိုင်ပင်ကြပြီး ပါဝင်လှုပ်ရှားကြတာ ဖြစ်ပါတယ်။ အဲဒီအတွေ့အကြုံတွေပေါ်ကနေပြီး ဒီလိုအစုလေးတွေ တတ်နိုင်သလောက် စုစည်းထားမိရင် ပိုပြီး ထိရောက်စွာ၊ အကျအဆုံးနည်းစွာနဲ့ ကျောင်းသားအကျိုးအတွက် တိုက်ပွဲဝင်နိုင်မယ်လို့ အချို့က စတင်ပြီး သဘောရလာကြပါတယ်။ အဲဒီကိစ္စကို နီးစပ်ရာအစုလေးတွေမှာ တိုင်ပင်နှီးနှောကြပါတယ်။ အဲဒီကနေပြီး ၁၉၇၆ ခုနှစ်အတွင်းမှာ ကျောင်းသားသွေးစည်းညီညွတ်ရေးတပ်ဦး (အင်္ဂလိပ်လို F လို့ပဲ အတို ခေါ်ပါတယ်။) ဆိုတာကို ဖွဲ့စည်းဖို့ လုပ်ဆောင်ကြပါတယ်။ ကျောင်းသားအကျိုးဆောင်ရွက်ဖို့၊ ကျောင်းသားအခွင့်အရေးတွေ ရရှိရေးနဲ့ကာကွယ်ရေးနဲ့ သိပ္ပံနည်းကျ၊ ဒီမိုကရေစီ၊ လူထုပညာရေးဖော်ဆောင်ရေးစတဲ့ ရည်ရွယ်ချက်တွေ ထားရှိပါတယ်။

၁၉၇၆ နှောင်းပိုင်းလောက်မှာ ဒီအဖွဲ့ထဲမှာပါဝင်ဖို့နဲ့ အဖွဲ့ရဲ့ရည်ရွယ်ချက်၊ စည်းကမ်းချက်စတာတွေကို ကျွန်တော်တို့ အစုထဲက မင်းစိန်ဆိုသူက ဆွေးနွေးလာပါတယ်။ ကျွန်တော်တို့အစုထဲက အားလုံးက ဒီအဖွဲ့ထဲမှာပါဝင်ကြဖို့ သဘောတူကြတာကြောင့် ကျွန်တော်တို့အားလုံး F အဖွဲ့ဝင် ဖြစ်သွားကြပါတော့တယ်။

အဖွဲ့ဝင်ဖြစ်သွားပြီးနောက်မှာတော့ ဖွဲ့စည်းပုံအသစ်အရ ဒေါင်လိုက်ပြန်လည်စုဖွဲ့မှုတွေ လုပ်ဆောင်ရပါတယ်။ အဲဒီနှစ်မှာတော့ ဘာမှ အထူးအထွေ မလုပ်ဖြစ်ပါ။

(၂)

၁၉၇၇ ခုနှစ် ဇွန်လဆန်းပိုင်းမှာ ကျွန်တော်တို့ F အနေနဲ့ ဇွန်အလုပ်သမားလှုပ်ရှားမှု နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကြေညာချက်တစောင်ဖြန့်ဝေဖို့ လုပ်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်လောက်မှာပဲ လမ်းစဉ်လူငယ် အထူးစီမံချက်ဆိုတာကို ကြားသိရပါတယ်။ အဲဒီစီမံချက်ရဲ့ အချုပ်သဘောကတော့ ကျောင်းသားလှုပ်ရှားမှုတွေကို ဘယ်လိုထောက်လှမ်းနှိမ်နင်းမယ်ဆိုတာပါပဲ။ ကျောင်းသားလှုပ်ရှားမှု အထိမ်းအမှတ်နေ့မျိုးတွေမှာ စာရွက်စာတမ်းဖြန့်တာမျိုးတွေကို ဘယ်လိုထောက်လှမ်းစောင့်ကြည့်မယ် ဆိုတာမျိုးတွေ ပါပါတယ်။ အဆောင်နေ လမ်းစဉ်လူငယ်အမာခံတွေဟာ သူတို့အခန်းကို အမှောင်ချထားပြီး ညလုံးပေါက် မအိပ်ဘဲ စောင့်ကြည့်နေကြမယ် ဆိုတာတွေလည်း ပါပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ၁၉၇၆ ခုနှစ်အတွင်းက ဖြစ်ရပ်တခုကို ပြောပြချင်ပါတယ်။ အဲဒီနှစ်တုန်းက ကျွန်တော်တို့ ကျောင်းသားအရေးလှုံ့ဆော်စာတွေ ဖြန့်ခဲ့ပါတယ်။ ရန်ကုန်နဲ့ မန္တလေးမှာ တပြိုင်တည်းဖြန့်တာပါ။ မန္တလေးမှာဖြန့်တဲ့ ကျောင်းသားကို အဆောင်နေကျောင်းသားတွေက သူခိုးထင်ပြီး ဝိုင်းဖမ်းလိုက်ရာက မိသွားပါတယ်။ သူ့ကို ဒီစာရွက်တွေ ပေးလိုက်တာက ကျွန်တော်တို့ကျောင်းက အစုဝင် မန္တလေးသားဖြစ်ပါတယ်။ မိသွားသူကတဆင့် သူ့နာမည် ပေါက်ကြားသွားပါတယ်။ ဒါပေမဲ့ မန္တလေးမှာ အဲဒီလို ဖမ်းမိသွားတယ်ဆိုတာ ကျွန်တာ်တို့က ကြိုတင်သိလိုက်တဲ့အတွက် ကျွန်တော်တို့အစုဝင် မန္တလေးသားဟာ ကြိုရှောင်လိုက်နိုင်ပါတယ်။ အဲဒီလို ကွင်းဆက်ဖြတ်လိုက်နိုင်တဲ့အတွက် ကျန်အစုဝင် ကျွန်တော်တို့

တတွေဟာ ဟန်မပျက် ဆက်နေနိုင်ခဲ့ကြပါတယ်။

အခုလည်း အဲဒီလိုသတင်းတွေ ထွက်လာတော့ အစီအစဉ်အတိုင်း လုပ်မလားမလုပ်ဘူးလားဆိုတာ ကျွန်တော်တို့ချင်း တိုင်ပင်ညှိနှိုင်းကြပါတယ်။ သူတို့ အဲဒီစီမံချက်အတိုင်း တကယ်လုပ်ချင်လည်း လုပ်နိုင်တယ်၊ ဒါပေမဲ့ လုပ်နိုင်ဖို့အတွက် သူတို့မှာ လူအင်အား လုံလောက်ချင်မှ လုံလောက်မယ်လို့ တွက်ပါတယ်။ ဒီလို သတင်းပေါက်ကြားပေးလိုက်တာရဲ့ အဓိက ရည်ရွယ်ချက်ဟာ ကျောင်းသားတွေကို ကြောက်လန့် သွားအောင် ခြောက်လှန့်ချင်တာဖြစ်ဖို့ ပိုများမယ်လို့ တွက်ကြပါတယ်။ ဒါကြောင့် အထိမ်းအမှတ် ကြေညာချက်တွေ ဖြန့်ကြမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ အားလုံး ပိုသတိထားကြဖို့တော့ ဆွေးနွေးဖြစ်ကြပါတယ်။

အဲဒီနှစ်က ကျွန်တော်ဟာ စက်မှုတက္ကသိုလ် ကြို့ကုန်းဆောင်တဆောင်ဖြစ်တဲ့ (A,B,C,D,E block စသဖြင့် အမည်ပေးထားပါတယ်။) 'စီ' အဆောင်မှာ နေပါတယ်။ သူတို့ချင်းလည်း 'ပျောက်သွားပြီကွ' စသဖြင့် ပြောသွားကြတာ ကြားလိုက်ရပါတယ်။ ညည့်နက်သန်းခေါင်ကျော် ဗိုက်ဆာလို့ စားသောက်ဆိုင်သွားကြတဲ့ ရိုးရိုးကျောင်းသားတွေဖြစ်ဖို့ များပါတယ်။ ကျွန်တော့်ကိုမြင်တော့ သူခိုးထင်ပြီး လိုက်ကြတာ ဖြစ်နိုင်ပါတယ်။ နောက်မှ သိရတာက အေနဲ့ဘီဆောင်မှာ စာရွက်ဖြန့်တဲ့ ကျောင်းသားကို စတွေ့တာ ဖြစ်တယ်။ အဲဒီကျောင်းသားက လမ်းလျှောက်ရာမှာ ပုဆိုးသံ၊ ဖိနပ်သံ မမြည်အောင်ဆိုပြီး ပုဆိုးခါးတောင်းကျိုက်၊ ဖိနပ်မစီးဘဲ သွားနေတာကို တွေ့သွားလို့ မသင်္ကာဖြစ်ပြီး လိုက်တယ်။ သူ့ကိုလည်း မျက်ခြည်ပြတ်သွားပြီး ပြန်ထွက်အလာမှာ ကျွန်တော့်ကို ထပ်တွေ့ပြန်တာ ဖြစ်ပါတယ်။ အဲဒီလို ဖြစ်သွားတာကလွဲပြီး တခြားဘာထိခိုက်မှုမှ မဖြစ်ခဲ့ပါ။

(၃)

အဲဒီနှစ်မှာ နောက်ထပ်ထူးခြားတာ တချက်ကတော့ ဇူလိုင်လမှာ ကျောင်းဖွင့်တာပဲ ဖြစ်ပါတယ်။ ကျွန်တော်

**အဓိက ရည်ရွယ်ချက်ဟာ**
**ကျောင်းသားတွေကို ကြောက်လန့် သွားအောင်**
**ခြောက်လှန့်ချင်တာ**

ဒါကြောင့် ကျွန်တော်က 'စီနဲ့ဒီ' အဆောင်တွေမှာ စာရွက်ဖြန့်ဖို့ တာဝန်ယူလိုက်ပါတယ်။ ကျန်အဆောင်တွေကိုလည်း ကျန်သူတွေက အသီးသီးတာဝန်ခွဲယူလိုက်ကြပါတယ်။ တခြား ဘယ်တက္ကသိုလ်တွေ ဖြန့်သလဲ၊ ဘယ်သူတွေဖြန့်မလဲ ဆိုတာတော့ မသိပါ။

စာဖြန့်တဲ့ညမှာ ထူးခြားတာတခု ဖြစ်ခဲ့ပါတယ်။ ထုံးစံအတိုင်း စာရွက်တွေ ဖြန့်လို့ပြီးခါနီးမှာ စားသောက်ဆိုင်တွေဘက်က ပြန်လာတဲ့ ကျောင်းသားတစုကို လှမ်းတွေ့လိုက်ရပါတယ်။ သူတို့ကလည်း ကျွန်တော့်ကို တွေ့သွားတယ်။ အဆောင်ပေါ်ကို သူတို့အုပ်စု တက်လာကြပါတယ်။ ကျွန်တော်လည်း မွန်းလေးက ဖြစ်ရပ်ကို ခေါင်းထဲမှာ သွားသတိရမိပါတယ်။ ဒါနဲ့ ခပ်သုတ်သုတ်ပဲ အပေါ်ထပ်တက်လိုက် အောက်ထပ်ပြန်ဆင်းလိုက်၊ အဆောင်ရဲ့ အရှေ့ဘက်အခြမ်း သွားလိုက် အနောက်ဘက်အခြမ်း ပြန်လာလိုက်နဲ့ လုပ်ပြီး သူတို့ကို မျက်ခြည်ဖြတ်ရပါတယ်။ မျက်ခြည်ပြတ်လောက်မှ ကျွန်တော့်အခန်းထဲကို မြန်မြန်ဝင်လိုက်ပါတယ်။ အခန်းထဲ ရောက်မှပဲ သက်ပြင်းချနိုင်ပါတော့တယ်။ သိပ်မကြာခင်မှာပဲ သူတို့ အခန်းရှေ့က ဖြတ်သွားတာ ကြားလိုက်ရပါတယ်။

ကျောင်းတက်လာတဲ့ သက်တမ်းတလျှောက်မှာ ဇူလိုင်လ (၇) ရက်ကို ရှောင်ရှားတဲ့အနေနဲ့ အဲဒီရက်ပိုင်းမှာ ကျောင်းဖွင့်လေ့ မရှိပါ။ ဒါပေမဲ့ ဒီနှစ်မှာတော့ ထူးထူးခြားခြား ကျောင်းဖွင့်ပါတယ်။ ၇၇ ခုနှစ် ၇ လ၊ ၇ ရက်ဆိုတော့ ဆဲဗင်းတက်ထရာ (ခွန်လေးလုံး) ဆိုပြီး ကျွန်တော်တို့က သုံးနှုန်းပြောဆိုကြပါတယ်။ အခုလို ကျောင်းဖွင့်ထားတာဟာ ကျွန်တော်တို့ ကျောင်းသားတွေကို စစ်အစိုးရက စိန်ခေါ်တာဖြစ်တယ်လို့ စဉ်းစားမိတဲ့အခါမှာ ကျွန်တော်တို့ အတော်လေးခံပြင်းကြပါတယ်။ နောက်ပြီး ကိုယ့်ရှေ့မှာ စွန့်လွှတ်စွန့်စားပြီးတိုက်ပွဲဝင်သွားတဲ့ ကျောင်းသားတွေကတော့ တာဝန်ကျေကြပြီ။ ကိုယ့်တာဝန်ကျေဖို့ပဲ လိုတော့တယ်ဆိုတဲ့ စဉ်းစားမှုကလည်း ရှိနေပါတယ်။ ဒါကြောင့် အဲဒီနေ့မှာ အထိမ်းအမှတ်တိုက်ပွဲ ဖော်ထုတ်သင့်တယ်လို့ ပြောဆို ဆွေးနွေးဖြစ်ကြပါတယ်။

ကျွန်တော်တို့ရဲ့စဉ်းစားချက်ကို F မှာ တင်ပြပါတယ်။ ဒါပေမဲ့ အထက်က ဒီလိုလုပ်ဖို့ သဘောမတူပါ။ မိမိအင်အား မခိုင်မာသေးဘူး။ ကျောင်းသားတွေလည်း တိုက်ပွဲပန်းနေတယ်။ နောက်ပြီး စစ်အစိုးရကလည်း သူ့ဘက်က ပြင်ဆင်မှုတွေ လုပ်ထားပြီး ထောင်ချောက်တခုလို လုပ်ထားတာလည်း ဖြစ်နိုင်

တယ်ဆိုပြီး ရှင်းပြပါတယ်။

အခြားအစုတစုက အဲဒီနေ့မှာ အထိမ်းအမှတ်တခု ဖော်ထုတ်ဖို့ ကြိုးစားကြသေးတယ်လို့ ကြားရပါတယ်။ ဒါပေမဲ့ အဲဒီနေ့မှာ ရန်ကုန်ဝိဇ္ဇာတက္ကသိုလ်ဝင်းထဲမှာ ထလရတွေလို့ယူဆရတဲ့ မျက်နှာစိမ်းတွေ အတော်များနေတယ်။ အခွင့်အလမ်းမသာတဲ့အတွက် အစီအစဉ်ကို ဖျက်လိုက်ရတယ်လို့ ကြားရပါတယ်။

ဒီလိုနဲ့ ၁၉၇၇ စာသင်နှစ်ပြီးဆုံးချိန်လည်း နီးလာပါတော့တယ်။ ဒီနှစ်ဟာ ကျွန်တော့်အတွက် နောက်ဆုံးနှစ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းပြီးသွားရင် ကျွန်တော့်အနေနဲ့ ဘာဆက်လုပ်ရမလဲဆိုတာကို F မှာ တင်ပြပြီး ဆွေးနွေးပါတယ်။ တာဝန်ရှိသူက ကျွန်တော့်အနေနဲ့ ကိုယ့်ဇာတိမြို့ပြန်ရောက်ရင် F ကို အဲဒီမှာ ဖွဲ့စည်းနိုင်ရင်ဖွဲ့စည်းဖို့ မှာပါတယ်။ နောက်ပိုင်း ကျွန်တော် အလုပ်ရပြီဆိုရင် အခြေအနေကိုကြည့်ပြီး ထပ်စဉ်းစားတာပေါ့လို့ ပြန်လည်ဆွေးနွေးပါတယ်။

ဆွေးနွေးဖြစ်ပါတယ်။ F က ထုတ်ထားတဲ့ ထုတ်ပြန်ချက်၊ ဖွဲ့စည်းပုံ၊ ယူဂျီ စည်းကမ်းစတာတွေ ဆွေးနွေးတယ်။ နောက်ပြီး F ရဲ့ အာဘော်အဖြစ် အခါအားလျော်စွာ ထုတ်ဝေတဲ့ 'ခွပ်ဒေါင်းဂျာနယ်' ကိုလည်း ပေးပြီးလေ့လာစေပါတယ်။ သူကလည်း သူ့သူငယ်ချင်းထဲက စိတ်တူကိုယ်တူ ယုံကြည်စိတ်ချရသူတွေကို ဖြည်းဖြည်းချင်းတိုးချဲ့ ဆွေးနွေးပါတယ်။ ဒီလိုနဲ့ ၃ ဦးပါတဲ့ F အစုလေးတစုကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

(၄)

၁၉၇၈ ခုနှစ် ဇွန်လဆန်းလောက်မှာ ကျွန်တော် ရန်ကုန်ကို တက်လာခဲ့ပါတယ်။ ကျွန်တော့်အခြေအနေကို အစီရင်ခံဖို့နဲ့ အဆက်အသွယ်မပြတ်သွားဖို့ပဲ ဖြစ်ပါတယ်။ ရန်ကုန်ရောက်တဲ့အခါ မင်းစိန်ကို သွားတွေ့ပါတယ်။ သူက ကျောင်းတက်နေဆဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သူက သူ့ဘကြီး ဘုန်းကြီးရဲ့ကျောင်းမှာ နေပါတယ်။ ဘုန်းကြီးကျောင်းဝင်းကြီး တခုထဲမှ ကျောင်းအိုလေးတဆောင် ဖြစ်ပါတယ်။ ကျောင်းမှာ

## 'ဇူလိုင် ၇ ရက် အရေးတော်ပုံသမိုင်း' ဆိုတဲ့ စာစောင်လေးကို အရင်ကြိုဖြန့်မယ်

ကျောင်းပြီးသွားလို့ အိမ်ပြန်လာတဲ့အခါမှာ ကိုယ့်မြို့မှာ F ကို ဘယ်လိုစည်းရုံးဖွဲ့စည်းမလဲဆိုတာကို စဉ်းစားပါတယ်။ ကျွန်တော့်ရဲ့ငယ်သူငယ်ချင်း ကျောင်းနေဘက် အားလုံး လောက်ဟာလည်း အများစုကြီးဟာ ကျောင်းသားတွေ မဟုတ်တော့ပါ။ F အတွက်က လက်ရှိကျောင်းတက်နေသူတွေကို စည်းရုံးရမှာ ဖြစ်ပါတယ်။ စိတ်ချရသူဖြစ်ဖို့လည်း လိုပါတယ်။ ကိုယ်တိုင်က ကျောင်းသားမဟုတ်တော့တဲ့အတွက် ကျောင်းသားတွေကို တိုက်ရိုက်မစည်းရုံးနိုင်တော့ပါ။ ကျောင်းသားတွေဆီကို တံတားထိုးပြီးမှ သွားနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ဆွေမျိုး သားချင်းတွေထဲက ဖြစ်နိုင်မယ့်သူတွေကို စဉ်းစားရှာဖွေရပါတယ်။ သူတို့ကမှတဆင့် သူ့အသိုင်းအဝိုင်းကို တိုးချဲ့ဖို့ စဉ်းစားမိပါတယ်။

နဂိုကတည်းက ကိုယ့်ဆွေမျိုးအရင်းအချာထဲက စာဖတ်ဝါသနာပါသူတွေကို တိုးတက်တဲ့စာအုပ်တွေ ပေးဖတ်ထားတာ ရှိပါတယ်။ အဲဒီအထဲက ဒေသကောလိပ်တက်နေသူ တယောက်ကိုရွေးပြီး ဗမာပြည် ကျောင်းသားလှုပ်ရှားမှု အကြောင်းတွေကို ပြောပြဆွေးနွေးတာတွေ လုပ်ထားပါတယ်။ အခုတခေါက် ပြန်ရောက်တဲ့အခါမှာတော့ သူ့ကို တဆင့်တိုး

သူ့ဘကြီးဘုန်းကြီး တပါးတည်း သီတင်းသုံးပါတယ်။

ကျွန်တော့်ကို တွေ့တဲ့အခါမှာ သူက ဝမ်းသာအယ်လဲ ကြိုပါတယ်။ 'မင်းရောက်လာတာ အတော်ပဲ၊ လုပ်စရာ အလုပ်တွေ အများကြီး ရှိတယ်' လို့ ဆီးပြောပါတယ်။ သူ့စကားကြားရတဲ့အခါ ကျွန်တော်လည်း ဝမ်းသာသွားပါတယ်။ သူ့ဆီက ထပ်သိရတာကတော့ လာမယ့် ဇူလိုင် ၇ ရက်နေ့မှာ အထိမ်းအမှတ်ပြုတဲ့တိုက်ပွဲတပွဲ ဖော်ထုတ်ဖို့ F အနေနဲ့ ဆုံးဖြတ်ထားတယ်။ အဲဒီအတွက် 'ဇူလိုင် ၇ ရက် အရေးတော်ပုံသမိုင်း' ဆိုတဲ့ စာစောင်လေးကို အရင်ကြိုဖြန့်မယ်။ နောက်ပြီး F ရဲ့ အာဘော် 'ခွပ်ဒေါင်းဂျာနယ်' ကို ထုတ်ဝေဖို့လည်း ရှိတယ်။ အဲဒါတွေကို ဖယောင်းစက္ကူမှာ ရေးရမယ်။ သူတယောက်တည်းဆို စာအုပ်နှစ်အုပ်လုံး လက်ရေးတူနေရင် မကောင်းဘူး။ အချိန်လည်းမီမှာ မဟုတ်ဘူး။ ဒါကြောင့် တအုပ်ကို ကျွန်တော် ရေးရင်ကောင်းမယ်လို့ ပြောပါတယ်။ ကျွန်တော်က စည်းရုံးရေးအရ မင်းပြောတာ တရားမဝင်ဘူးလို့ နောက်ပြောပြောလိုက်ပါတယ်။ တကယ်တမ်းမှာလည်း သူနဲ့ကျွန်တော်ဟာ F အဖွဲ့ဝင် မဖြစ်ခင်က တစုတည်း ဖြစ်ကြပေမယ့် F အဖွဲ့ဝင်ဖြစ်လာပြီး နောက်မှာ အစုချင်း မတူတော့ပါဘူး။ ကျွန်တော့်ကို

# ကျွန်တော်ကိုင်ထားတာက ခွပ်ဒေါင်းအလံဗျ။ ဒီအတိုင်း လွှင့်ပစ်ပြီး ထွက်မပြေးနိုင်ဘူး။

အခြားသူတဦးက တာဝန်ယူ နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က အခုလို ပြန်ပြော လိုက်တာပါ။ နောက်တာလည်း ပါပါတယ်။

နောက်ရက် တာဝန်ရှိသူနဲ့တွေ့တဲ့အခါမှာ မင်းစိန် ပြောတဲ့ ကိစ္စကို ကျွန်တော်လုပ်ပေးနိုင်ပါတယ်လို့ တင်ပြ ဆွေးနွေးဖြစ်ပါတယ်။ သူကလည်း သဘောတူပါတယ်။ ဒီလိုနဲ့ ကျွန်တော်လည်း မင်းစိန်နဲ့အတူ သူ့ဘကြီး ဘုန်းကြီးကျောင်းမှာ သွားနေလိုက်ပါတယ်။ သူ့ဘကြီးဘုန်းကြီးကိုတော့ ကျောင်းမှာ စာတမ်းတင်ဖို့ လုပ်နေတာပါလို့ လျှောက်ထားလိုက်ပါတယ်။

'ဇူလိုင် ၇ ရက် အရေးတော်ပုံသမိုင်း' ဆိုတဲ့စာအုပ်ကို ကျွန်တော် ဖယောင်းစက္ကူမှာ ရေးပါတယ်။ အဲဒီစာအုပ်ဟာ ဇူလိုင် ၇ ရက်နေ့အကြောင်းကို သွက်သွက်လက်လက်နဲ့ အချက် အလက်တွေ အားကောင်းကောင်းနဲ့ မျက်စိထဲ မြင်ယောင် လာအောင် ရေးသားထားတာ ဖြစ်ပါတယ်။ ဖတ်ရင်းက ကြက်သီး မွေးညင်းများတောင် ထလာတဲ့အထိပါပဲ။ မင်းစိန်ကတော့ 'ခွပ်ဒေါင်းဂျာနယ်' ကို ဖယောင်းရေးပါတယ်။ အဲဒီဂျာနယ်မှာ ဘောင်ခတ်ပြီး အမြဲဖော်ပြလေ့ရှိတဲ့ ဖူးချစ်ရဲ့စကားကို အမှတ်ရနေပါတယ်။ စကားလုံး အတိအကျတော့ မဟုတ်ပါ။

'ရဲဘော်တို့ – လျှို့ဝှက်ရေးစည်းကမ်းကို စောင့်ထိန်း နိုင်ရင် စောင့်ထိန်း၊ မစောင့်ထိန်းနိုင်ရင်တော့ အလုပ်မလုပ်တာပဲ ကောင်းတယ်'

– ဆိုတာမျိုးပါ။

ကျွန်တော်နဲ့မင်းစိန်တို့လည်း ဖယာင်းစက္ကူရေး၊ စာရွက်တွေလှိမ့်နဲ့ အတော်လေး အလုပ်ပင်ပန်းပါတယ်။ သူ့ဘကြီးဘုန်းကြီးကလည်း ကြာလာတော့ သိပ်သင်္ကာကင်းပုံ မရတော့ပါ။ တရက်တော့ ကျွန်တော်တို့စာရွက်ပုံဘေး လာကြည့်ပြီး မင်းတို့အစိုးရဆန့်ကျင်ရေးတွေ လုပ်နေတာလား ဆိုပြီး ပြောလာပါတယ်။ ကျွန်တာ်တို့လည်း မဟုတ်ပါဘူးလို့ပဲ ပြောင်ပြန်ငြင်းလိုက်ပါတယ်။ ဘုန်းတော်ကြီး သိပ်တော့ ယုံကြည်ပုံ မရပါ။ ဒါပေမဲ့ ဘာမှပြန်မပြောတော့ဘဲ ထွက်သွားပါတယ်။

(၅)

ဒီကြားထဲမှာတော့ မင်းစိန်က တိုက်ပွဲဖော်ထုတ်ရေး အတွက် သူ့ကိုတာဝန်ပေးထားတာတွေကိုလည်း သွားလုပ်ရ ပါတယ်။ တခြားတော့ မဟုတ်ပါ။ ဒီတိုက်ပွဲကို F တဖွဲ့တည်း အနေနဲ့ မဟုတ်ဘဲ တခြားအုပ်စုတစုနဲ့ပါ ပေါင်းပြီးလုပ်ဖို့ကိစ္စ သွားဆွေးနွေးရတာ ဖြစ်ပါတယ်။ အဲဒီအုပ်စုကသူတွေက သူနဲ့ ရင်းနှီးတာကြောင့် သူ့ကိုသွားဆွေးနွေးဖို့ တာဝန်ပေးထားတာ ဖြစ်ပါတယ်။ အစောပိုင်းမှာတော့ အဲဒီအဖွဲ့ကလည်း အတူ တွဲလုပ်ကြဖို့ သဘောတူပါတယ်။ 'ဇူလိုင် ၇ ရက် အရေးတော်ပုံသမိုင်း' စာအုပ်ကို အရင်ဖြန့်ကြမယ်။ နောက် ဇူလိုင်လဆန်းတရက်မှာ (ဇူလိုင် ၇ ရက်နေ့မှာ မလုပ်ဘဲ အလစ်အငိုက်ရအောင် ရက်တချို့စောပြီး) တိုက်ပွဲဖော်မယ်။ ပြောင်ထွက်ပြီး တိုက်ပွဲကိုဖော်ထုတ်ဖို့ F က နှစ်ဦးနဲ့ သူတို့ ဘက်က နှစ်ဦးထွက်ကြဖို့ သဘောတူကြပါတယ်။ တိုက်ပွဲ ဖော်တဲ့အချိန်မှာ ဘေးကဝန်းရံပေးကြမယ့် အင်အားတွေ ထွက်ကြဖို့လည်း ညှိနှိုင်းထားကြပါတယ်။

ဒါပေမဲ့ ဘာအကြောင်းတွေကြောင့်လည်းတော့ သေချာမသိပါ။ သူတို့ဘက်က တိုက်ပွဲမှာ ပြောင်ဝင်မပါတော့ဘူး။ စာအုပ်ဖြန့်ပေးမယ်။ ဘေးက ရံပေးမယ်ဆိုပြီး ဖြစ်သွားပါတယ်။ သူတို့မပါလည်း ကျွန်တော်တို့ဘက်က အစီအစဉ်အတိုင်း ဆက်လုပ်မယ်လို့ ဆုံးဖြတ်ချက်ကျပါတယ်။ ကျွန်တော်နဲ့ မဆိုင်တဲ့အတွက် အစီအစဉ်အသေးစိတ်ကိုတော့ မသိပါ။

စာအုပ်တွေအားလုံး အချောပြီးသွားတဲ့အခါ ကျွန်တော့်ကို အိမ်ပြန်ခိုင်းပါတယ်။ ကျွန်တော်က ရန်ကုန်မှာပဲ နေပြီး အခြေအနေကို စောင့်ကြည့်ချင်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မှာ ရှိနေရင် တိုက်ပွဲဂယက်နဲ့ ကျွန်တော်ပါ ရောထိသွားလိမ့်မယ်ဆိုပြီး ပြန်လွှတ်ပါတယ်။

ဒါနဲ့ပဲ ဇွန်လကုန်ခါနီးလောက်မှာ ကိုယ့်မြို့ ကိုယ်ပြန် လာခဲ့ပါတယ်။ ဇူလိုင်လဆန်းရက် ရောက်တဲ့အခါမှာ ရန်ကုန်က တိုက်ပွဲသတင်းကို ဘယ်နေ့ကြားရမလဲဆိုပြီး မျှော်နေမိပါတယ်။ ဒါပေမဲ့ ဇူလိုင် ၇ ရက်ကျော်သွားတဲ့အထိ ဘာသတင်းမှ မကြား ရပါ။ မလုပ်ဖြစ်တော့တာလား၊ ဘာတွေဖြစ်နေပြီလဲဆိုပြီး ရင်မောနေမိပါတယ်။ အဖြေကိုသိရဖို့ ကြာကြာတော့ မစောင့် လိုက်ရပါ။ ဇူလိုင်လ ၁၁ ရက်နေ့မှာ ကျွန်တော့်ကို ထလရ က လာဖမ်းပါတော့တယ်။

(၆)

ဖမ်းပြီးနောက်နေ့မှာ ရန်ကုန်ကို ပို့ပါတယ်။ စစ်ကြောရေး ဝင်ရတယ်။ နောက် အင်းစိန်ထောင်မှာ တယောက် တည်း တိုက်ပိတ်ထားပါတယ်။ ၆ လ ကျော် လောက်ကြာမှ အခြားသူတွေနဲ့ ပေါင်းပေးပါတယ်။ ပထမ ၃ ယောက်၊ နောက်တဖြည်းဖြည်းနဲ့ ၅ ယောက် တခန်း နေလာရပါတယ်။ တနှစ်ကျော်လောက် အကြာမှာ ရုံးထုတ်ပါတယ်။ အဲဒီမှာ

ကျွန်တော်တို့အမှုတွဲတွေ တိုင်ပင်ခွင့်ရအောင် အတူတူထားပေးဖို့ တောင်းဆိုလိုက်ပါတယ်။ ထလရ သဘောတူညီချက်နဲ့ တရားရုံးက ခွင့်ပြုလိုက်တာကြောင့် ကျွန်တော်တို့အမှုတွဲ ၁၀ ယောက် တိုက်သစ်မှာ အတူနေခွင့်ရပါတယ်။ အတူတူနေရတာကို အခွင့်ကောင်းယူပြီး ကျွန်တော်တို့ဖြစ်စဉ်ကို ဝိုင်းသုံးသပ်နိဂုံးချုပ်ကြပါတယ်။ ဖြစ်စဉ်လည်း တစုံတရာ လိပ်ပတ်လည်လာပါတယ်။

ဇူလိုင်လဆန်း သတ်မှတ်ရက်နံနက်မှာ F မှ တာဝန်ကျသူနှစ်ဦးဟာ စက်မှုတက္ကသိုလ် ကျောင်းပေါက် ဘီပီအိုင်ဂိတ်မှာ သွားစောင့်တယ်။ တယောက်က ခုပ်ဒေါင်း အလံပတ်ထားတဲ့ တတောင်ကျော်ကျော် သစ်သားတိုင်တခုကို လွယ်အိတ်ထဲမှာ ထည့်ယူလာတယ်။ နောက်တယောက်က လုံ့ဆော်စာတွေ လွယ်အိတ်နဲ့ ထည့်ယူလာတယ်။ သမိုင်းကျောင်းဆောင်နေ ကျောင်းသားတွေကို ကြိုလာတဲ့ဖယ်ရီကားတစင်းဆိုက်ပြီး ကျောင်းသားတွေ ဆင်းလာတဲ့အခါမှာ အလံပါလာတဲ့ ကျောင်းသားက အလံကို လွှင့်လိုက်ပြီး ကြွေးကြော်သံ တိုင်လိုက်တယ်။ နောက် တယောက်က စာရွက်တွေ ကျောင်းသားတွေအကြားမှာ ကြဲဖြန့်လိုက်တယ်။ ဒါပေမဲ့ ကျောင်းသားတွေက ကြောင်ကြည့်နေကြပြီး ကျောင်းဝင်းထဲကိုပဲ ဝင်သွားကြတယ်။ အခြေအနေ မကောင်းတော့တာကြောင့် စာရွက်ဝေတဲ့ကျောင်းသားက လမ်းတဖက်ကို ဖြတ်ကူးလိုက်ပြီး ထိုးဆိုက်လာတဲ့ ဟီးနိုးလိုင်းကားပေါ် တိုးတက်လိုက်ပါသွားတယ်။ ကျန်ခဲ့တဲ့ ကျောင်းသားက ကျောင်းဝင်းထဲဝင်သွားတယ်။ ပင်မဆောင်အောက်မှာ အလံကို သွားထိုးစိုက်လိုက်ပြီးမှ ပြန်ထွက်လာတယ်။ အဲဒီအချိန်မှာ ကျောင်းလုံခြုံရေးဝန်ထမ်း (ညစောင့် နေ့စောင့်ရှိ) တဦးနဲ့ ကျောင်းဆရာတဦးတို့က လိုက်လာပြီး ထိုးကြိတ် ဖမ်းလိုက်ပါတယ်။ နောင်ထောင်ထဲ အတူနေရစဉ်မှာ အဲဒီကျောင်းသားက အဲဒီအကြောင်းကို အခုလို ပြန်ပြောပြပါတယ်။ "ကျွန်တော်ကိုင်ထားတာက ခုပ်ဒေါင်းအလံဗျ။ ဒီအတိုင်း လွှင့်ပစ်ပြီး ထွက်မပြေးနိုင်ဘူး။ ဒါကြောင့် သေသေချာချာ ကျောင်းအောက်သွား ထိုးစိုက်ပြီးမှ ပြန်ထွက်လာခဲ့တာပဲ။"

အဖမ်းခံလိုက်ရသော ကျောင်းသားက လွတ်သွားသော ကျောင်းသားမှာ ရှောင်ထွက်သွားပြီဟု ယူဆလိုက်တယ်။ ဒါကြောင့် အဲဒီလွတ်သွားတဲ့ ကျောင်းသားနဲ့ ထမင်းဆိုင်မှာ စတင်သိကျွမ်းခဲ့တယ်။ သူက အခုလို လုပ်ကြဖို့စည်းရုံးတယ်။ အလံတွေ စာရွက်စာတမ်းတွေ သူပဲယူလာတယ်။ အဲဒီကျောင်းသားက ဘယ်ဘာသာနောက်ဆုံးနှစ်ဖြစ်ပြီး ကမာရွတ် အပြင်ဆောင်မှာနေတယ် စသဖြင့် စစ်ကြောရေးမှာ ထွက်ဆိုတယ်။ ထလရ ကလည်း ဒါကိုလက်ခံပြီး ရရှိတဲ့အချက်အလက်တွေကနေ လွတ်သွားတဲ့ ကျောင်းသားအကြောင်းကို စုံစမ်းတယ်။ သူနေတဲ့အဆောင်ကို သိရှိပြီး အဲဒီမှာ သွားစောင့်နေကြတယ်။

လွတ်သွားတဲ့ ကျောင်းသားက ရက်တချို့ ရှောင်နေပြီး သူ့အထက်က တာဝန်ရှိသူကို သွားတွေ့တယ်။ ဘာဆက်လုပ်ရမလဲ မေးတယ်။ တာဝန်ရှိသူက ဟန်မပျက် ဆက်နေပါလို့ ညွှန်ကြားတယ်လို့ ဆိုပါတယ်။ (ဒီနေရာမှာ သူတို့နှစ်ဦး ကွဲလွဲကြပါတယ်။ တာဝန်ရှိသူကလည်း ရှောင်ခိုင်းတယ်လို့ ပြောပါတယ်။) ဒါနဲ့ အဆောင်ကို ပြန်လာရာက အဖမ်းခံလိုက်ရပါတယ်။ ဒီအခါမှာ ပထမကျောင်းသားရဲ့ ထွက်ဆိုချက်ဟာ ကြိုတင်ညှိနှိုင်းထားတာ မဟုတ်တဲ့အတွက် နှစ်ယောက်ထွက်ချက်တွေ လွဲကုန်ကြပါတယ်။ အတိုင်အဖောက်မညီ ဖြစ်ကုန်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တခုဖြတ်ပြောချင်ပါတယ်။ ဖြစ်ရပ်မှန်ကို ဖုံးကွယ်တဲ့ လုပ်ကြံဇာတ်လမ်းတွေ (cover story) ဖန်တီးထားဖို့ဆိုတာ ယူဂျီလုပ်ငန်းရဲ့ စည်းကမ်းသတ်မှတ်ချက်တခု ဖြစ်ပါတယ်။ တယောက်နဲ့တယောက် ဘယ်လိုသိကြတယ် ဆိုတာကအစ (ကြားကမိတ်ဆက်ပေးသူကို ဖျောက်ထားပြီး) (cover story) တွေ ကျွန်တော်တို့ ကြိုတင်ညှိထားလေ့ရှိပါတယ်။ ဒါပေမဲ့ ရေရှည်မှာ ကျွန်တော်တို့ဟာ သတိပေါ့ပြီး မလုပ်ဖြစ်တော့တာ များလာပါတယ်။

အဲဒီလိုနဲ့ မီးခိုးကြွက်လျှောက်ဖြစ်ပြီး အဖမ်းခံကြရတာ ဖြစ်ပါတယ်။

(၇)

အထက်မှာ ရေးခဲ့သလို ဖြစ်စဉ်ကိုသုံးသပ်ပြီးနောက် အခုလို နိဂုံးချုပ်ကြပါတယ်။

(၁) ရေရှည်မြှုပ်နှံ အခွင့်အခါကောင်းစောင့်ဆိုတဲ့အခြေခံက သွေဖီသွားခဲ့တယ်။

- ကျွန်တော်တို့ဟာ ကျောင်းသားတွေ အခြေအနေကို လွဲမှားစွာ ဆန္ဒစွဲနဲ့ အကဲဖြတ်ခဲ့ကြတယ်။ ကျောင်းသားတွေရဲ့ တကယ့်အခြေအနေက ဒီရေနိမ့်ကာလ ဖြစ်နေတယ်။
- လှုပ်ရှားတက်ကြွသူတွေ အင်အားနည်းနေတယ်။ တောက်လျှောက်တိုက်ပွဲဝင်လာပြီးနောက် အဖမ်းခံရသူခံရ၊ ကျောင်းထုတ်ခံရသူခံရ၊ ရှောင်တိမ်းသူ ရှောင်တိမ်း

# လုပ်ကြံဇာတ်လမ်းတွေ ဖန်တီးထားဖို့ဆိုတာ ယူဂျီလုပ်ငန်းရဲ့ စည်းကမ်းသတ်မှတ်ချက်တခု

သွားကြတာကြောင့် ဖြစ်တယ်။

- မဆလ စစ်အုပ်စုကတော့ အဲဒီအချိန်မှာ တစုံတရာ တည်ငြိမ်လာတယ်။ ကျောင်း တွေ၊ ကျောင်းဆောင်တွေမှာ လုံခြုံရေး အစောင့်စတာတွေမှာ လူစိမ်းတွေ မြင်လာ ရတယ်။ နောက်ပြီး သူ့အမာခံ လမ်းစဉ် လူငယ်တွေ တိုးချဲ့လာနိုင်တယ်။
- ဒီလို အခွင့်မသာတဲ့အခြေအနေကို ကျွန်တော်တို့ဟာ လွဲမှားစွာ ဆန္ဒစွဲနဲ့ အခြေအနေကောင်းတယ်လို့ အကဲဖြတ်ခဲ့မိတယ်။ ကိုယ့်အင်အားကို ပိုတွက်ခဲ့ပြီး ရန်သူ့အင်အားကို လျှော့တွက်ခဲ့ကြတယ်။ ရေရှည်မြုပ်နှံဖို့ စိတ်မရှည်ခဲ့ကြဘူး။

(၂) ဂိုဏ်းဂဏဝါဒအမှား ဖြစ်ခဲ့တယ်။ F အနေနဲ့ ကျန် လုပ်ရှားတက်ကြွသူအစုတွေနဲ့ ညီညွတ်မှုကို မရယူ နိုင်ခဲ့ဘူး။ အစောပိုင်းမှာ အတူတိုက်ပွဲဝင်ကြဖို့ သဘောတူခဲ့ပြီး နောက်မှာတော့ သဘောကွဲလွဲ သွားခဲ့တယ်။ ဒါဟာ အခြေခံအားဖြင့် ဂိုဏ်းဂဏဝါဒကြောင့် ဖြစ်တယ်။

(၃) ကြိုတင်ရက်ချိန်းပေး တိုက်ပွဲဝင်ခဲ့မိတယ်။

- အထက်မှာတင်ပြခဲ့တဲ့ ကျောင်းသား အခြေအနေ၊ မိမိအင်အားအခြေအနေနဲ့ အုပ်စိုးသူတွေရဲ့အခြေအနေတွေအောက်မှာ ကြိုတင်ရက်ချိန်းပေးတိုက်ပွဲဝင်တာဟာ အမှားကျူးလွန်တာပဲ ဖြစ်တယ်။ ဇူလိုင် ၇ ရက်မှာ မဟုတ်ဘဲ ရက်တချို့စော လုပ်တယ်ဆိုပေမယ့် သူ့ဘက်ကို တပ်လှန့် အသိပေးပြီးမှ တိုက်ပွဲဝင်လိုက်တာပဲ ဖြစ်တယ်။
- ၁၉၇၄ ခုနှစ် မိုးရာပြည့်တုန်းကလည်း ကြိုတင်ရက်ချိန်းပေးတိုက်ပွဲဝင်ခဲ့တာ ဖြစ်ပေမယ့် အောင်မြင်ခဲ့တယ်။ ဒါပေမဲ့ အခြေအနေချင်းမတူပါ။ အဲဒီတုန်းက ကျောင်းသားတွေအခြေအနေက တိုက်ပွဲ ဝင်စိတ်ဓာတ် မြင့်မားနေတယ်။ လုပ်ရှား တက်ကြွသူတွေဟာလည်း အင်အား တစုံတရာ ကောင်းနေသေးတယ်။ အဲဒီ အချိန်မှာ မဆလ စစ်အုပ်စုက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံ အကျပ်အတည်း တွေ့နေတာ ဖြစ်တယ်။ သူ့အတွင်းမှာလည်း အုပ်စုတိုက်ပွဲတွေ ပြင်းထန်နေတယ်။ ဗိုလ်အုန်းကျော်မြင့် အမှုအခင်း ဖြစ်ထားတယ်။

(၄) ကြိုတင်ပြင်ဆင်မှု အားနည်းပြီး ဘက်မစုံခဲ့ဘူး။

- ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း ချောချော မွေ့မွေ့ဖြစ်သွားမယ်၊ တိုက်ပွဲဖော်သူ နှစ်ယောက်စလုံးလည်း စီစဉ်ထားတဲ့ အတိုင်း ရှောင်တိမ်းသွားနိုင်မယ်လို့ပဲ အကောင်းမြင်ခဲ့ကြတယ်။ ပြင်ဆင်ထားတဲ့ အတိုင်းမဖြစ်ဘဲ တယောက်ယောက် မိသွားခဲ့သော်၊ သို့မဟုတ် နှစ်ယောက်စလုံး မိသွားခဲ့သော်ဆိုတဲ့ ပြင်ဆင်မှုမရှိခဲ့ဘူး။ ဘယ်သူမိရင် ဘယ်သူရှောင်ရမယ် ဆိုတာ လည်း မပြင်ဆင်ထားခဲ့ကြဘူး။ အထက်မှာ ပြောခဲ့သလို ကြိုတင်ဇာတ် (cover story) တိုက်ထားခြင်းလည်း မရှိခဲ့ကြဘူး။
- တိုက်ပွဲဖော်မယ့်သူကို ဝန်းရံပေးမယ့် အရန်အင်အားတွေကို နေရာချထားရာမှာ အချိန်နဲ့ နေရာလွဲမှားမှုတွေ ဖြစ်ခဲ့တယ်။

(၅) အရေးပေါ်ကာလမှာ တပ်ဖွဲ့ကိုဦးစီးတဲ့ ကလာပ်စည်း (leading cell) ဟာ အခြေအနေတွေနဲ့ တပြေးညီ မိမိတပ်ဖွဲ့ကို ဦးစီးကွပ်ကဲနိုင်မှုမှာ အားနည်းခဲ့တယ်။

- တဖက်က လျင်မြန်စွာလှုပ်ရှားတုံ့ပြန်လာတဲ့အခါမှာ မိမိဘက်က လက်ဦးမှုမဲ့သလို ဖြစ်ခဲ့တယ်။ မိမိဘက်က သတင်းအဆက်အသွယ်တွေ ပြတ်တောက်သလိုဖြစ်ခဲ့လို့ စနစ်တကျ ကိုယ့်တပ်ဖွဲ့ကို မဆုတ်နိုင်ခဲ့ဘူး။ အရေးပေါ်ကာလမှာ (ဝါ) အဖမ်းအဆီးတွေ ဖြစ်လာတဲ့အခါမှာ ဆက်သွယ်ဖို့စနစ်တွေနဲ့ အန္တရာယ်ရှိနေပြီဆိုတာကို သတင်းပေးကြမယ့်စနစ်တွေကို စီစဉ်ထားရမယ်။
- စီစဉ်ညွှန်ကြားရာမှာ တိကျပြတ်သားမှု အားနည်းခဲ့တယ်။ လွတ်လာတဲ့ကျောင်းသားကို တာဝန်ရှိသူက တိကျပြတ်သားစွာ မညွှန်ကြားနိုင်ခဲ့ဘူး။ ရှုပ်ထွေးမှုတွေ ဖြစ်ခဲ့တယ်။ ညွှန်ကြားချက်ပေးပြီးနောက်မှာ ပြန်လည်စိစစ်မှု လုပ်ဖို့လည်း လိုအပ်တယ်။

(၆) ဒေါင်လိုက်စနစ်ကျင့်သုံးတာ အားနည်းမှုတွေကြောင့် ကွင်းဆက်တွေ မဖြတ်နိုင်ခဲ့တဲ့အတွက် ဆုံးရှုံးမှု ပိုကြီးခဲ့ရတယ်။

ဒါတွေကတော့ ကျွန်တော်တို့ ရရှိလိုက်တဲ့သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ အားလုံး အသစ်အဆန်းတွေပဲလို့တော့ မဆိုနိုင်ပါဘူး။ ဖတ်ဖူး မှတ်ဖူးခဲ့တာတွေက အများကြီးပါပါတယ်။ တကယ်တော့ ဒီယူဂျီစည်းကမ်းတွေဆိုတာဟာ အနိုင်နိုင်ငံက ရဲဘော်တွေရဲ့ သွေးချွေးတွေနဲ့ ရရှိထားခဲ့တာတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က အတွေ့အကြုံနုတဲ့အတွက် မလေးနက်မိခဲ့ကြပါ။ ဒါကြောင့်လည်း ပျဉ်ဖိုးနားလည်ဖို့အတွက် ထပ်ပြီးသေခဲ့ကြရတာပဲ ဖြစ်ပါတယ်။ ။



# စစ်မှုရေးရာ

တာဝန်ထမ်းဆောင်ဆဲ စစ်သည်များ၊ အငြိမ်းစားများ၊ ဒုတိယကမ္ဘာစစ်တွင် တိုက်ခဲ့သူများ အားလုံးနဲ့ ညှိနှိုင်းချင်ပါတယ်။ တိုင်းပြည်အတွက် အရေးအကြီးဆုံး ကာလဖြစ်လို့ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း တင်ပြညှိနှိုင်းတာ ဖြစ်ပါတယ်။

သန်းရွှေတို့ အကြိမ်ကြိမ် တွက်ကိန်းလွဲခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒါတွေက ပြည်တွင်းရေးနဲ့ဆိုင်တဲ့ တွက်ကိန်းချည်းဖြစ်လို့ မထောင်းတာ လှပါ။ အခုတကြိမ် တွက်ကိန်းကတော့ အတွက်လွဲရင် တိုင်းပြည်စုံးစုံးမြုပ်မှာဖြစ်လို့ ညှိနှိုင်းပါတယ်။

ကျွန်တော်တို့အမြင် တင်ပြပါမယ်။

(၁) မျက်မှောက် ကမ္ဘာ့အခြေအနေတွင် ဗမာပြည်မှာ ပြည်တွင်းစစ် တကျော့ပြန် မဖြစ်သင့်။

(၂) သန်းရွှေတို့ ပြည်တွင်းစစ် ဖန်တီးနေသည်။ ဒါကိုတားဆီးရမည်။

(၃) တားဆီးဖို့ဆိုလျှင် တနည်းသာရှိသည်။ NLD နဲ့ အမြန်ဆုံး စေ့စပ်ဆွေးနွေးဖို့ ဖြစ်သည်။

သန်းရွှေတို့ကို အကျပ်ကိုင်ပြီး စေ့စပ်ရေးစားပွဲသို့ တွန်းပို့နိုင်ပို့၊ မပို့နိုင်လျှင် အတင်းအကျပ် ဖယ်ရှားပစ်ရမည်။

ဒါက ကျွန်တော်တို့ ပြောလိုတဲ့ အချုပ်ဖြစ်ပါတယ်။ အကျယ်ရှင်းလင်းပါ့မယ်။

(၁) အချက်မှာ ဆိုလိုတာက ဒီတခါ ပြည်တွင်းစစ်ဖြစ်ရင် ပြည်တွင်း ပဋိပက္ခသက်သက် ဟိုတုန်းကလိုဖြစ်မှာ မဟုတ်ပါဘူး။ ဟိုတုန်းကတော့ ဗမာပြည်ဟာ စစ်အေးတိုက်ပွဲရဲ့ စည်းဝိုင်းအပြင်ဘက်က ဖြစ်ပါတယ်။ စစ်အေးတိုက်ပွဲရဲ့ ဗဟိုချက်မနဲ့ အဝေးဆုံး နေရာမှာ ရှိပါတယ်။ အခု အဲဒီလို မဟုတ်တော့ပါဘူး။ ဗဟိုချက်မ မဟုတ်တောင်မှ ခပ်နီးနီးမှာ ရှိပါတယ်။ ဒါကြောင့် သတိရှိရပါမယ်။ 'ဗမာ့အခက် ဒို့အချက်' လုပ်ချင်သူတွေလည်း ရှိနေတာပါ။ တိုင်းပြည်ရဲ့ 'လွတ်လပ်ရေးနဲ့ နယ်မြေပြည့်စုံမှု' ကို ခြိမ်းခြောက်ချင်ကြပါတယ်။

အခု ခက်နေတာက နအဖ စစ်အုပ်စုက သူတို့ အာဏာတည်မြဲရေးကို တိုင်းပြည်ရဲ့ တည်မြဲရေးနဲ့ တထပ်တည်း ထားချင်နေတာပါ။ သူတို့မရှိရင်ဘဲ တိုင်းပြည် ပျက်တော့မလိုလို ပြောနေကြတယ်။ တကယ့်အဖြစ်မှန်က သူတို့အာဏာမြဲနေလို့ တိုင်းပြည် ပြိုကွဲမှာပါ။

အခုတလော ဖြစ်သွားတာကို ကြည့်စေချင်တယ်။ ပျဉ်းမနားကို စစ်ဌာနချုပ်ပြောင်းဖို့ လုပ်နေတာ ကြာလှပါပြီ။ ဖြစ်ပေါ်ပြောင်းလဲမှုတိုင်းကို ကျွန်တော်တို့ မျက်ခြည်မပြတ် စောင့်ကြည့်ပါတယ်။ ၂၀၀၅ စက်တင်ဘာလကတောင် 'စစ်မှုရေးရာ' အခန်းမှာ ကျွန်တော်တို့ တွက်ကိန်း ၂ ခုကို တင်ပြခဲ့ပါသေးတယ်။

တွက်ကိန်း (၁) က ဗမာပြည်အနီးအနားမှာ နိုင်ငံကြီးချင်း စစ်ဖြစ်မှာ မဟုတ်ဘူး။ ပြည်ပအန္တရာယ်ရှိမှာ မဟုတ်ဘူး။ 'နယ်ခြဲ့စနစ်သစ် ဆန့်ကျင်ရေး' တို့ 'တပ်ဖျောက်ပြီး တိုက်မယ်' ဆိုတာတွေက လေလုံးထွားနေတာပဲလို့ ရေးခဲ့တယ်။

တွက်ကိန်း (၂) က ရှူးကလီးယားခေတ်မှာ နိုင်ငံကြီး အချင်းချင်း ထိပ်တိုက်မတွေ့အောင် ရှောင်ကြလိမ့်မယ်။ အမေရိကန်ကို ပြိုင်မယ့်သူ မပေါ်သေး၊ အပြန်အလှန် စေ့စပ်ကြမှာပဲဆိုတဲ့ တွက်ကိန်းဖြစ်တယ်။

ပျဉ်းမနားကို စစ်ဌာနချုပ်ပြောင်းဖို့ အစီအစဉ်ကနေ ဝန်ကြီးဌာနတွေပြောင်းဖို့ ဖြစ်သွားတာက လတ်တလော အကြောင်းအချက် ကြောင့် ဖြစ်တယ်။ ဓာတ်ဆီဈေးတွေ ခုန်တက်၊ ခရီးသွားလာရေး စရိတ်တွေ မြင့်တက်၊ ကုန်ဈေးနှုန်းတွေ မြင့်တက်။ တိုကင်မယူရင် ပထမတကြိမ် ငွေဒဏ်ချမယ်၊

# သူတို့ကို အတင်းအကျပ် ဖယ်ရှားပစ်မယ့် အမြော်အမြင်ရှိတဲ့ စစ်ဗိုလ်ကြီးတွေနဲ့ စေ့စပ်ဆွေးနွေးရမှာပါ

ဒုတိယအကြိမ် မယူရင် ထောင်ချမယ် လုပ်လာရတယ်။ အဲဒီတော့ ဝန်ထမ်းတွေ မငြိမ်တော့ဘူး။ ဝန်ထမ်းတွေပါ ထကြွလာမှာ ကြောက်လာတယ်။ အဲဒီတော့ ကမျဉ်းနီဦးဈောက်နဲ့ သန်းရွှေတို့က ဝန်ထမ်းတွေပါ ပျဉ်းမနားပြောင်းကြလို့ အမိန့်ထုတ်တော့တာပဲ။ ဗိုလ်စောမောင်ကို 'ကျန်စစ်သားရူးဆိုပြီး ထုတ်ပစ်ခဲ့တဲ့ သန်းရွှေကို 'ကြောက်ရူး' လို့ ပြောရင်ရမှာပဲ။

သူမျှားတွေလည်း မြို့တော်ပြောင်းကြတာပဲ။ တရုတ်က နန်ကင်းက ပီကင်းပြောင်းတယ်။ ပီကင်းက မြို့တော်ဟောင်းပဲ။ ဘာမှ တည်ဆောက်စရာ မလိုဘူး။ မလေးရှား၊ ပါကစ္စတန်လည်း ပြောင်းကြတယ်။ စီမံကိန်းချ အုတ်အော်သောင်းတင်း တည်ဆောက်ရေးလုပ်၊ အားလုံးပြင်ဆင်ပြီးမှ ပျော်ပျော်ပါးပါး ပြောင်းကြတယ်။

သန်းရွှေတို့ လုပ်တာကျတော့ ကမန်းကတန်း၊ အဖြစ်မှန်လည်း ထုတ်မပြောဝံ့ဘူး။ ဒီတော့ အတွင်းရေး ဘာမှ မသိတဲ့ ဗိုလ်ကျော်ဆန်းက ဗဟိုအချက်အချာကျတဲ့ နေရာကို ပြောင်းတာပါလို့ ရှင်းပြတယ်။ဘယ်သူမှ မယုံဘူး။ ဗဟိုအချက်အချာကျတဲ့ နေရာတွေ မန္တလေးတို့ မိတ္ထီလာသာစည်တို့ ရှိနေတာပဲ။ ဘာမှ အသစ်တည်ဆောက်စရာ မလိုဘူး။ မန္တလေးဆိုရင် မြို့တော်ဟောင်း၊ နန်းတော်လည်းရှိတယ်။ အဲဒီပြောင်းပေါ့။

အခုတော့ ကြပ်တွေသိုက်ပြောင်းသလို တိတ်တိတ်ပြောင်းတယ်။ အားလုံး ယုံထင်ကြောင်ထင် ဖြစ်ကုန်တာပဲ အဖတ်တင်တယ်။ နက်ဖန်သဘက်ပဲ ကရုစ်ဒုံးပျံတွေ ကျတော့မလိုလို၊ တထိတ်ထိတ်တလန့်လန့် ပျဉ်းမနားမှာ ဖြစ်တယ်။

ရန်ကုန်မှာလည်း ဝန်ထမ်းလောက အိမ်ထောင်တွေ ဒူးနဲ့မျက်ရည် သုတ်နေရတယ်။ သံတမန်လောက၊ မီဒီယာလောက၊ ဖျော်ဖြေရေးလောကစတဲ့ လောကအားလုံး ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်ကုန်တယ်။

ဘုမသိဘမသိ ဗိုလ်ကျော်ဆန်းကို ထွက်မရှင်းခိုင်းဘဲ သန်းရွှေကိုယ်တိုင် ထွက်ရှင်းရမယ်။ ဒီကိစ္စမှာ ဗိုလ်မောင်အေးလည်း ထွက်ပြီး ရှင်းတတ်မှာ မဟုတ်ဘူး။

စစ်ဌာနချုပ်ပဲ ပြောင်းတာဆိုရင် ဘာအရေးလဲ။ စစ်တပ်ဆိုတာ ဒီလိုပဲ ပြောင်းနေကျပဲ။ ဘုရားကုန်းပေါ် ရောက်ချင်ရောက်မယ်။ သချိုင်းထဲ နေချင်နေမယ်။ ရှင်းပြဖို့ကလည်း သိပ်မလိုဘူး။ 'ငြိမ်းအဖွဲ့' တွေ မငြိမ်လို့ ပြောင်းတာပါဆိုရင် ဘယ်သူကမှ ထပ်ဆင့်မေးခွန်း မေးမှာ မဟုတ်ဘူး။

(၂) အချက်ကို ရှင်းရရင် သန်းရွှေတို့မှာ အာဏာကို ဘာ့ကြောင့် မလွှတ်တမ်း ကိုင်ထားရသလဲ ဆိုတာကို အကြောင်းပြဖို့က ပြည်တွင်းစစ် ပြန်ဖြစ်မှ အကြောင်းပြရတာ ကောင်းမှာပဲ။ ဒါကြောင့် ပြည်တွင်းစစ်ကို မွေးထားဖို့လိုတယ်။ ပြည်တွင်းစစ်က တကယ်တော့ မရှိတာကြာပြီ။ စစ်ရပ်စဲထားကြတယ်။ အဲဒီတော့ ပြည်တွင်းစစ် ဖန်တီးရတာပဲ။

ဗကပ ဗဟိုက ရဲဘော်ဟောင်း မိတ်ဆွေဟောင်းတွေကို အကြံပေးနေတာ တခုရှိတယ်။ ကြာလှပြီ ဒီအကြံပေးခဲ့တာ။ 'ပြည်တွင်းစစ်ကို ကိုယ်ကစပြီး ပြန်မတိုက်နဲ့ ရောဝတီမြစ်ဝှမ်းမှာ သေနတ်သံ မြိုင်မြိုင်ကြားမှ သင်တို့စစ်တိုက်ဖို့ စပြီးစဉ်းစားဖို့ လိုကောင်းလိုမယ်။' လို့ ပြတ်ပြတ် အကြံပေးထားတယ်။

ဒီလိုအကြံပေးတာမှာ အကြောင်းရှိတယ်။

- NLD/CRPP ကို နိုင်ငံရေး အဆင့်နေရာ မပေးရင်၊ စေ့စပ်ဆွေးနွေးတာ မလုပ်ရင်၊ '၁၀၄ ချက် အခြေခံဥပဒေ'ကို အတင်း ပြဋ္ဌာန်းရင် ရောဝတီမြစ်ဝှမ်းမှာ သေနတ်သံမြိုင်မြိုင် ကြားရမှာပဲလို့ တွက်မိထားလို့ ဖြစ်တယ်။
- '၁၀၄ ချက် အခြေခံဥပဒေ'က 'တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်' ကို အာဏာရှင်အဖြစ် အာဏာအပ်ထားတာ ဖြစ်တယ်။ 'တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်'နေရာရဖို့ ဗိုလ်ချုပ်တွေ အသည်းအသန် ပြိုင်ကြတော့မယ်။ စစ်အုပ်စုကလေးတွေ အပြိုင်ဖွဲ့ပြီး အာဏာလုကြတော့မယ်။ စစ်အုပ်စုကြီးအောက်မှာ လျှို့ဝှက်စစ်အုပ်စုကလေးတွေ ပေါ်တော့မယ်။ အခန့်မသင့်ရင် သူတို့ချင်း ထတိုက်လိမ့်မယ် ဆိုတာကို မြင်ထားလို့ပဲ။
- သန်းရွှေတို့က 'စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်'တည်ဆောက်တာပါလို့ ပြောနေပေမယ့် 'စည်းကမ်းမဲ့တဲ့တပ်မတော်' ဖြစ်အောင် ဖန်တီးနေတာဖြစ်တယ်။

အချက် (၃) ရှင်းချက်။ သန်းရွှေတို့ကို စေ့စပ်ရေးစားပွဲဆီ တွန်းပို့တာ ဆက်ပြီး လုပ်နေရမှာပါပဲ။ တယ်တော့မလွယ်လှပါဘူး။ ဒါပေမဲ့ ကြိုးစားကြရမှာပါ။ နောက်ဆုံး တွန်းမရတော့ရင် သူတို့ကို အတင်းအကျပ် ဖယ်ရှားပစ်မယ့် အမြော်အမြင်ရှိတဲ့ စစ်ဗိုလ်ကြီးတွေနဲ့ စေ့စပ်ဆွေးနွေးရမှာပါ။

စေ့စပ်ဆွေးနွေးကြရင် လောလို့မဖြစ်ပါဘူး။ အကူးအပြောင်း ကာလအတွက် စဉ်းစားကြဖို့ သင့်ပါတယ်။ ဥပမာ – တပ်မတော်လည်း ပါဝင်တဲ့ 'ဒီမိုကရေစီ ယာယီညွန့်ပေါင်းအစိုးရ' ဖွဲ့စည်းရေး။ ကာယကံရှင်တွေ စဉ်းစားကြည့်ဖို့ပါ။

# ကြံ့ဖွတ်တနေ့
# မိကျောင်းဖြစ်လာရင်

**ပြီးခဲ့တဲ့နိုဝင်ဘာလ ၁၁ရက်နေ့တုန်းက စစ်အစိုးရပိုင်မြန်မာ့အလင်းသတင်းစာထဲမှာ "တွေ့ဆုံဆွေးနွေးရေး နည်းလမ်းနှင့် ဒီမိုကရေစီလမ်းကြောင်းသို့ သွားမရနိုင်ကြောင်း"အတိအလင်း ကြေညာလိုက်ပါတယ်။ ဒီဝါကျဟာ ပြည်တွင်းပြည်ပမှာ ချက်ခြင်းပဲ ဂယက်ရိုက်သွားပါတယ်။**

အဲဒီနောက် ဒီဇင်ဘာ ၇ရက်နေ့မှာတော့ ကြံ့ဖွတ်အသင်းကို နိုင်ငံရေးပါတီအသွင်ပြောင်းဖို့ အစီအစဉ်ရှိတယ်လို့ ကြံ့ဖွတ်အသင်း အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးက ပြောကြားခဲ့တယ်။ ဒါဟာ နအဖ ထုံးစံအတိုင်း ဘယ်လိုတုံ့ပြန်လာမလဲလို့ သွေးတိုးစမ်းတာလား၊ အားလုံးကို သတိပေးလိုက်တာလား။ စဉ်းစားစရာတွေ အများကြီးပေါ်လာပါတယ်။

ဒီနေရာမှာ မေးဖို့လိုတာတွေ ရှိလာတယ်။ ကြံ့ဖွတ်ကို နိုင်ငံရေးပါတီတရပ်အဖြစ် ပြည်တွင်းမှာ ကြေညာပြီ ဆိုပါစို့။ နောက်ထပ် နိုင်ငံရေးပါတီသစ် ထူထောင်ချင်တဲ့သူတွေ ပေါ်လာပါက ခွင့်ပြုမှာလား။ တရားဝင်ပါတီအဖြစ်မှ ပယ်ဖျက်ခံရတဲ့ ပါတီတွေကိုကော ဘယ်လိုသဘောထားမလဲ မေးရတော့မယ်။

ကြံ့ဖွတ်ဟာ စစ်အုပ်စုအနေနဲ့ သူတို့ရဲ့စစ်အုပ်စု သမိုင်းမှာ ပထမဆုံးအာဏာသိမ်းခဲ့တဲ့ ၁၉၅၈ ခုနှစ်တုန်းက တည်ထောင်ခဲ့ဖူးတဲ့ ကြံ့ခိုင်ရေးအသင်းကို ပုံစံယူဖွဲ့စည်းတာပဲ ဆိုတာ အများသိကြပါတယ်။ ကွာတာက ဟိုတုန်းက အာဏာကို ယူခဲ့တာက ၂ နှစ်ကျော်လောက်သာဖြစ်ပြီး ဒီတခါမှာက ရာသက်ပန်ယူဖို့ ပြင်ထားတာဖြစ်ပါတယ်။ ဟိုတုန်းက ရည်ရွယ်ချက်ဟာ ဖဆပလရဲ့ ပြူစောထီးတပ်လိုဟာတွေကို အစားထိုးဖို့၊ အပြိုင်သဘော လက်ကိုင်တပ်မွေးတာဖြစ်ပြီး အခုဟာက ပြည်တွင်းစစ်တောင် တိုက်ဖို့ မလိုတော့ပါဘူးလို့ ပြောနေတဲ့အချိန်မှာ လက်နက်နဲ့အာဏာသိမ်းထားတဲ့ လူတွေက လူထုကိုဖိနှိပ်ဖို့ထပ်ဖွဲ့ခဲ့တဲ့ အင်အားတရပ် ဖြစ်နေတာပါ။ ။

ဒီအဖွဲ့ဟာ ပြူစောထီးလို၊ ကာကွယ်ရေးတွေလို ကျေးလက်တွေ မှာ ရမ်းချင်တိုင်းရမ်းလို့ရသလို ဗမာပြည်မှာ ဘယ်တုန်းကမှမရှိဖူးတဲ့ အခွင့်အရေးမျိုးတွေနဲ့ ထောက်လှမ်းရေး အပါး၊ အက်စ်ဘီနံဘေးကနေ မြို့တွင်းဖိနှိပ်ရေးတွေမှာ ပါဝင်ခွင့် ရပါတယ်။ နောက်ဆုံး ဒီပဲယင်းအရေးအခင်းလို အကြမ်းဖက် နှိပ်ကွပ်မှုတွေမှာတောင် ပါခွင့်ရပါတယ်။ ကုန်အောင်ပြောရရင် ဟစ်တလာရဲ့ ရှပ်ညိုတပ်သားတွေနဲ့တူပြီး လူသတ်ခွင့်ပါရထားတဲ့ အဖွဲ့အစည်းတခုပါ။ တဖက်မှာတော့လည်း ဒီအဖွဲ့ဝင်တွေဟာ အခွန်ကောက်ခွင့်တွေ၊ လာဘ်စားခွင့်တွေကလည်း အများအပြား ရထားပါတယ်။ ဒါကြောင့်လည်း စစ်ဗိုလ်ချုပ်တွေထိပ်က နေရာယူထားတဲ့ နိုင်ငံရေးပါတီလိုလို၊ အင်န်ဂျီအိုလိုလို၊ လူမှုရေး အဖွဲ့အစည်းလိုလို၊ ဒီလအော့လအယ်ကြံ့ဖွတ်ဟာ အရှင်မွေးတော့ နေ့ချင်းကြီးဆိုသလို တပြည်လုံးမှာ တွင်ကျယ်လာခဲ့ပါတယ်။

မှတ်သားသင့်တာက ဒီအဖွဲ့အစည်းနဲ့ ပတ်သက်လို့ စစ်အစိုးရဟာ ဘယ်တုန်းကမှ ရှင်းရှင်းလင်းလင်း ထုတ်ဖော်မပြောခဲ့ပါဘူး။ အဲဒီလို တိတိကျကျ ပြတ်ပြတ်သားသား မရှိတာကိုက လူတွေကိုခြိမ်းခြောက်မှုတမျိုးဖြစ်အောင် တမင်ဖန်တီးထားတာလည်း ဖြစ်ပါတယ်။ နောက်စဉ်းစားစရာရှိတာက စစ်အစိုးရဟာ ပြည်တွင်းမှာ နိုင်ငံရေးပါတီတွေကို တည်ရှိခွင့်ရပ်သိမ်းတာ၊ ဖိနှိပ်တာတွေ လုပ်နေချိန်ဖြစ်လို့ ကြံ့ဖွတ်ကို နိုင်ငံရေးပါတီအသွင် မပြောင်းသေးဘဲ ထားတာလို့ ယူဆရပါတယ်။ ကြံ့ဖွတ်ကို တရားဝင်ပါတီ တည်ထောင်ခွင့်ပေးတာကိုမြင်လို့ တခြားလူတွေက ပါတီသစ်တရပ် တည်ထောင်ခွင့်တောင်းလာရင် နအဖ က မပေးချင်တာကတော့ သေချာပါတယ်။ သူတို့အနေနဲ့

တိုင်းပြည်မှာအာဏာကို ထိန်းသိမ်းထားဖို့ဆိုရင် ဟန်ဆောင်လေးပဲဖြစ်ဖြစ် နိုင်ငံရေးပါတီအသွင်နဲ့ အဖွဲ့အစည်းတရပ်တော့ ရှိဖို့လိုတယ်ဆိုတာကို မဆလ ပါတီအတွေ့အကြုံအရရော၊ အင်ဒိုနီးရှားက ဂိုလ်ကာပါတီရဲ့ အတွေ့အကြုံအရရော နားလည်သဘောပေါက်ထားပါတယ်။ မတူတာက ဗိုလ်နေဝင်းဟာ အာဏာသိမ်းပြီးနောက် တနှစ်ကျော်လောက် အကြာမှာ မဆလ ပါတီကို ဖော်ထုတ်ကြေညာခဲ့တာဖြစ်ပြီး နအဖ ကတော့ အာဏာသိမ်းပြီးလို့ ၁၆ နှစ်ကျော် ကြာတာတောင် ချီတုံချတုံဖြစ်နေတုန်းပါ။ နောက်တခုက စစ်ဗိုလ်ချုပ်တွေကိုတွေဝေစေတဲ့ ဗိုလ်စိန်လွင်နဲ့ ဒေါက်တာမောင်မောင်တို့ ပြုတ်တာနဲ့ သန်းချီပါတီဝင်တွေနဲ့

**ဒီနေ့ ကြံ့ဖွံ့တ်ဟာ**

**တချိန်က မဆလ ထက်**

**ပိုအာဏာရှိပြီး**

**ပိုရမ်းကားဝံ့ပါတယ်**

ဖွဲ့စည်းထားတဲ့မဆလပါတီကြီး တခုလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်သွားတာ၊ နောက်ပြီး ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ စစ်အုပ်စုအင်မတန် အားထားတဲ့တစည်ပါတီ မရှုမလှရှုံးနိမ့်ရတာစတဲ့ အချက်တွေဟာလည်း စစ်ဗိုလ်ချုပ်တွေကို ခြောက်လှန့်နေတုန်းပါ။ ဒါကြောင့်လည်း ကြံ့ဖွံ့တ်ဟာ ဖွဲ့စည်းပြီးလို့ နှစ်ပေါင်းများစွာ လွန်လာတာတောင်မှ တိတ်တိတ်ပုန်းရထားတဲ့ ကလေးလို ပုန်းလျှိုးကွယ်လျှိုးနေ နေရပါတယ်။

ဒါတွေနဲ့ပြောင်းပြန် ပြည်ပမှာကျတော့ နအဖ အစိုးရဟာ ကြံ့ဖွံ့တ်ကို နိုင်ငံရေးပါတီလို့ အတိအလင်းကြေညာပြီးပါပြီ။ ကုလသမဂ္ဂအပါ၊ နိုင်ငံခြားကအဖွဲ့အစည်းများက ကိုယ်စားလှယ်တွေလာရင်လည်း ကြံ့ဖွံ့တ်ခေါင်းဆောင်တွေနဲ့ မတွေ့မနေရ တွေ့ခိုင်းနေပါပြီ။ ဒါ့အပြင် ပြီးခဲ့တဲ့ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလထဲတုန်းက တရုတ်ပြည်မှာ ကျင်းပတဲ့ တတိယအကြိမ်မြောက် အာရှတိုက်နိုင်ငံရေးပါတီများ ညီလာခံ (The Third International Congress of Asian Political Parties) မှာ ကြံ့ဖွံ့တ်ကို တရားဝင်ပါတီတရပ်အနေနဲ့ သွားတက်စေခဲ့ပါတယ်။ အာရှတိုက်က တရားဝင်ရပ်တည်ခွင့်ရတဲ့ နိုင်ငံရေးအဖွဲ့အစည်းအားလုံးပေါင်း ၈၄ နိုင်ငံထဲက တပါတီအနေနဲ့ပါ။ ဗိုလ်ချုပ်ဌေးဦးကိုယ်တိုင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်အဖြစ်နဲ့ တက်တာပါ။ အဲဒီနောက် အခု ၂၀၀၅ခုနှစ် နောက်ပိုင်းမှာ တရား မဝင့်တဝင်၊ မရဲတရဲ သွေးတိုးစမ်းသလို ပြောလာတာဖြစ်ပါတယ်။ အာဏာကိုင်ထားတဲ့ အာဏာရှင်များရဲ့ အဖွဲ့အစည်း ဖြစ်တဲ့အလျောက် ဒီအဖွဲ့ဟာ ဒီနေ့ပဲ ရွှေဆိုရွှေ၊ ငွေဆိုငွေ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့လဲ သူတို့ရဲ့ အခြေအနေမကောင်းရင်တော့ ဗိုလ်ချုပ်ဌေးဦးပြောတာ မဟုတ်ဘူးလို့ ဘူးငြင်းဦးမှာကတော့ သေချာပါတယ်။

ဒါပေမဲ့ သူတို့ဟာ ၂၂ သန်းမျှသော “ပါတီဝင်” ဆိုတဲ့ အရေအတွက်ကြီးနဲ့ အခုအခါမှာ လူထုကိုပါ ခြိမ်းခြောက်နေပါတယ်။ ကျေးလက်ဒေသမှာဆိုရင် အခုကတည်းက ရွေးကောက်ပွဲလုပ်ရင် သူတို့ကို မဲပေးရမယ်လို့တောင် အကျပ်ကိုင်တာတွေ ရှိနေပါပြီ။ ဒီနေ့ ကြံ့ဖွံ့တ်ဟာ တချိန်က မဆလ ထက်ပိုအာဏာရှိပြီး ပိုရမ်းကားဝံ့ပါတယ်။ မဆလ ပါတီဝင်တွေတုန်းက စစ်ရေးလေ့ကျင့်တဲ့ အစီအစဉ်သီးသန့်မရှိပါဘူး။ ကြံ့ဖွံ့တ်ကျတော့ ရှိပါတယ်။ အဓိပ္ပာယ်က ဗိုလ်သန်းရွှေတို့စစ်အုပ်စုအတွက် အရန်တပ်အဖြစ်လည်း အချိန် မရွေးပြောင်းပစ်လို့ ရပါတယ်။

နအဖမှာ ဘာအကြံအစည်တွေရှိသလဲ။ ဘယ်သူမှ အတိအကျ မပြောနိုင်ပါဘူး။ လက်ရှိစစ်အုပ်စုရဲ့ ကိုယ်စားလှယ်အဖြစ် ရွေးကောက်ပွဲအတွက် ပွဲထုတ်တာလို့ တွေးတောစရာ ရှိပါတယ်။ တစည ပါတီကတော့ စစ်အုပ်စုပြုတ်တွေရဲ့ပါတီမို့ အခု ဗိုလ်သန်းရွှေ တို့နဲ့ စည်းဝါးမကိုက်တော့ဘူး ဖြစ်သွားပါပြီ။ နောက်ပြီး ၁၉၉၀ခုနှစ်မှာ ရှုံးနိမ့်ထားတဲ့အတွက်လည်း နအဖ အစုဟာ ဒီမြင်းအပေါ် ပုံအောဖို့ လုံးဝစဉ်းစားမှာ မဟုတ်ပါဘူး။

နအဖဟာ သူတို့ရဲ့လမ်းပြမြေပုံအတိုင်း ရွေးကောက်ပွဲ အသစ်တခုကို ထပ်ကျင်းပဖို့ အာဘော်ဖန်တီးနေတာကတော့ ကြာ ပါပြီ။ အခုဟာက အဲဒီ ရွေးကောက်ပွဲကို လက်ညှိုးထိုးပြပြီး အားလုံးကို အာရုံတွေလွှဲဖို့ ကြိုးစားပြန်တာလား ဘယ်သူမှ မပြောနိုင်ပါဘူး။ ဘာပဲပြောပြော နအဖ ရဲ့အချိန်ဆွဲတဲ့ နည်းဗျူဟာက အခုအထိတော့ သူတို့အတွက်ထိရောက် အောင်မြင်နေတာ အမှန်ပါပဲ။ တကယ်က တရားမျှတတဲ့ ရွေးကောက်ပွဲတရပ်သာ ကျင်းပမယ်ဆိုရင် စစ်အုပ်စုကိုယ်စား ဘယ်ပါတီပဲဝင်ပြိုင်ပြိုင် ရှုံးမှာပဲဆိုတာ နအဖကောင်းကောင်းသိပါတယ်။ ဒါပေမဲ့ သူတို့မှာ မျှော်လင့်ချက်တခုတော့ ထားဟန်တူပါတယ်။ အဲဒါက သူတို့ကျင်းပမယ့် အဲဒီ ရွေးကောက်ပွဲမတိုင်မီ ဒီချုပ်ကိုတရားဝင်ဘဝက ချုပ်ငြိမ်းစေလိုက်ရင်ဆိုတာပါ။ နအဖအနေနဲ့ အဲဒီအဆင့်အတွက် ပြင်နေပြီဆိုရင် အံ့သြစရာမရှိဘူးလို့ ထင်ပါတယ်။ ဒီချုပ်အနေနဲ့ အဲဒီအတွက်စဉ်းစားပြင်ဆင်မှုရှိမရှိဆိုတာပဲ ပူပင်စရာရှိပါတယ်။

ဒီနေ့ကာလမှာ နိုင်ငံရေးအင်အားစုတိုင်းအနေနဲ့ ဖြစ်နိုင်ခြေအားလုံးအတွက် အနည်းဆုံးစဉ်းစားမှုတော့ ရှိသင့်ပါတယ်။

# သတင်းနဲ့ မှတ်ချက်

## ဂုဏ်နဲ့ဒြပ် ဟပ်မိသွားတဲ့ သန်းရွှေတို့လူစု

'ကြက်ပြေး' ကို သန်းရွှေစစ်အစိုးရ ပြေးပြီ။ ဒါဟာ ဂုဏ်နဲ့ဒြပ် ဟပ်မိသွားတာပဲ ဖြစ်တယ်။ ဘာကိုကြောက်လို့ ပြေးတာလဲ။ ဒီကိစ္စမှာတော့ ဝိဝါဒကွဲတယ်။ တချို့က အမေရိကန်ကြောက်လို့ ပြေးတာလို့ ပြောတယ်။ ဒါမဖြစ်နိုင်ပါဘူး။ အမေရိကန်က အီရတ်မှာပဲ အီနေပြီ။ ယိုးဒယားကတောင် ဗမာပြည်အရေးမှာ အမေရိကန်ဝင်မပါဖို့ ပြောနေတယ်။

ကြက်ပြေးကို ဘာကြောင့် သန်းရွှေစစ်အစိုးရ ပြေးသလဲ။ လူထုကိုကြောက်လို့၊ ဝန်ထမ်းထုကိုကြောက်လို့ ပြေးတာပဲ။

ပျဉ်းမနားဘက်မှာ အခိုင်အမာ အဆောက်အဦးတွေ ဆောက်နေကတည်းက ကျွန်တော်တို့ အနီးကပ် စောင့်ကြည့်နေတာပါ။ အစကတော့ စစ်ဌာနချုပ် ပြောင်းဖို့လောက်ပဲ ရည်ရွယ်တာပါ။ လှုပ်ရှားစစ်ဌာနချုပ် (Mobile Tac H/Q ) လောက်ပဲထားဖို့ ရည်ရွယ်တယ်။ ဒါပေမဲ့ ပြောင်းမယ်လည်း လုပ်ရော ဟန်မကျလိုက်ပုံက ရန်ကုန်မှာ စီတန်းလှည့်လည်ပွဲတွေ ကြုံရတယ်။ 'ဒို့အရေး' ကြွေးကြော်ပြီး စီတန်းလှည့်လည်ပွဲ မဟုတ်ဘူး။ ဘတ်စ်ကားခ မတတ်နိုင်လို့ စီတန်းလှည့်လည်တာပဲ။

စီတန်းလှည့်လည်တာထဲမှာ ပုံသေပါနေတာက ဝန်ထမ်းတွေပဲ။ ကိုယ်ပိုင်ကားနဲ့ ရုံးတက်နိုင်တဲ့ အထက်လွှာဝန်ထမ်း မဟုတ်ဘူး။ ဘတ်စ်ကားစီး ရုံးတက်နေရတဲ့ အောက်ခြေ ဝန်ထမ်းတွေပဲ။ သူတို့က 'ဒို့အရေး' မကြွေးကြော်ပါဘူး။ ဒါပေမဲ့ လမ်းလျှောက်ရင်း 'ဒို့အရေး' ဆွေးနွေးတယ်။

မဆလ ပြိုပျက်ခါနီးတုန်းကထက် အခြေအနေက ပိုဆိုးတယ်။ ဟိုတုန်းက ဘတ်စ်ကားပေါ်မှာ 'ဒို့အရေး' ဆွေးနွေးကြတာပဲ။ အခုတော့ စီတန်းလမ်းလျှောက်ရင်း ဆွေးနွေးကြပြီ။

ထမင်းကြမ်း ယပ်ခတ်ပြီး စားဖို့ဝန်မလေးတဲ့ လူထုက ထမင်းကြမ်းတောင် စားစရာမရှိရင် ပေါက်ကွဲတတ်တယ်။ ရေနံဈေးက ကိုယ်ချချင်တိုင်း ချလို့ရတာမဟုတ်ဘူး။ ကြာလေဆိုးလေ ဖြစ်မှာပဲ။ မော်တော်ကားကို ကညင်ဆီတို့ အရက်အပြင်းစားတို့ ထည့်မောင်းရင်ရတယ်ဆိုတာ ဂျပန်ခေတ်အတွေ့အကြုံအရ လူထုကသိနေတာပဲ။ ဒါပေမဲ့ အရက်အပြင်းစားက သူ့အလိုလို ရတာမဟုတ်ဘူး။ ရိက္ခာသီးနှံကနေတဆင့် ချက်ယူရတာဖြစ်တယ်။ ကြာရင် လူတွေစားဖို့ ရိက္ခာပါ ပြတ်တော့မယ်။ ရိက္ခာပြတ်ရင် ၁၉၇၄/၇၅ အုံကြွမှုမျိုး ပေါ်တော့မှာ ကိန်းသေပဲ။

အဲဒီလိုနဲ့ 'နံပါတ်ဝမ်းကြီး' က ကြက်ဦးဖျောက်နဲ့ စဉ်းစားပြီး အစိုးရတဖွဲ့လုံး ကြက်ပြေးပြောင်းဖို့ (လိုအပ်သလို) ညွှန်ကြားလိုက်တာပါပဲ။

ပြဿနာဆိုတာ ဖြေရှင်းမှ ပြေလည်တာပါ။ ပြေးရုံနဲ့ မပြေလည်ပါဘူး။ ကြက်ဦးဖျောက်နဲ့ စဉ်းစားပြီး ကြက်ပြေးကိုပြေးပြေး ဘယ်ကိုပဲပြေးပြေး ပြဿနာက ကြာလေကြီးလေ ဖြစ်မှာပါ။

- - - - - - - - - - -

## ကောလာဟလသတင်းတွေ ကြားရဦးတော့မယ်

သန်းရွှေအစိုးရအဖွဲ့ 'ကြက်ပြေး' ပြေးခါနီးကလေးမှာ ကောလာဟလတခု ထွက်လာတယ်။ ဗိုလ်သိန်းစိန်တွင်း (၁) ဗိုလ်ကျော်ဆန်းအပါအဝင် ၅ ဦးကို

## သတင်းနဲ့ မှတ်ချက်

ဖမ်းလိုက်ပြီဆိုတဲ့ သတင်းပဲ။ သတင်းက အတည်ပေါက်ပြောတာပါ။ ဖမ်းခိုင်းတဲ့ ပုဂ္ဂိုလ်နာမည်တောင် အတိအကျပါတယ်။

ဒီတခါထူးတာက ခါတိုင်းလို နယ်စပ်က လွှင့်တာမဟုတ်ဘူး။ ရန်ကုန်ကထုတ်တဲ့ ကောလာဟလ ဖြစ်နေတယ်။ နောက်ထူးတာက ခါတိုင်းပါနေကျ ဇာတ်ကောင်တွေ မဟုတ်ဘူး။ သန်းရွှေ၊ ဗိုလ်မောင်အေးတို့ နာမည် လုံးဝမပါဘူး။ တခြားစစ်ဗိုလ် ဖြစ်နေတယ်။

အဲဒီကောလာဟလထုတ်ပြီး မကြာဘူး 'ကြက်ပြေး' ကို အစိုးရအဖွဲ့ ပြေးတာပဲ။ သတင်းထုတ်ပြန်ရသူက ဗိုလ်ကျော်ဆန်းပါ။ အဖမ်းမခံရတာ သေချာသွားတာပေါ့။ ဒါပေမဲ့ သူက ထွက်ဟဲ့ထွက်ဟဲ့ဆိုလို့သာ ထွက်လာရတယ်။ သူ့ကိုယ်သူ ဘာကောင်မှန်း သိပုံမပေါ်ဘူး။ မတတ်သာလို့ ဖြေရတော့လည်း ဗဟိုအချက်အချာကျလို့ ပျဉ်းမနားပြောင်းရတာလို့ဆိုတယ်။ ဗမာပြည်မှာ မန္တလေး၊ မိတ္ထီလာ သာစည်လောက် အချက်အချာကျတာ ဘယ်မှာရှိမှာလဲ။ ဒါပေမဲ့ မန္တလေး၊ မိတ္ထီလာမှာက လူထုရှိနေတယ်။ ဒါကြောင့် လူထုနဲ့ဝေးရာ ပြေးတာပါ။

- - - - - - - - - - - - - -

### "ညောင် ၂ ပင်ဇာတ်ပွဲ ဘယ်တော့ပြီးမလဲ"

(၁)

'ညောင် ၂ ပင်' ကို 'အမျိုးသားညီလာခံ' လို့ မခေါ်နိုင်ပါ။ ဇာတ်ကွက်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း ရေးပြီးသားမရှိတဲ့ ဇာတ်ပွဲတခုပဲလို့ သဘောထားပါတယ်။

အခြေခံဥပဒေ (မူကြမ်း) ကို အာဏာရ ပါတီကပဲ ရေးဆွဲတဲ့ ထုံးစံပါ။ ဗမာပြည်မှာဖြစ်ဖြစ်၊ နိုင်ငံခြားမှာဖြစ်ဖြစ် အဲဒီလိုပဲ လုပ်ပါတယ်။ ၁၉၇၇ ခုနှစ်က ဖဆပလ က သူ့ပါတီညီလာခံလုပ်ပြီး ရေးဆွဲတယ်။ ၁၉၇၄ မတိုင်မီမှာလည်း မဆလ ပါတီက အဲဒီလိုပဲ လုပ်တယ်။ ဖဆပလ က (မူကြမ်း) ရေးပြီးရင် 'လွှတ်တော်' တင်တာပဲ။ 'လွှတ်တော်' က အတည်ပြုပြီးရင် ပြီးပြီ။

နဝတ/နအဖ ကျတော့ အဲဒီလိုလုပ်ဖို့ အခြေအနေမရှိ ရှာဘူး။ သူတို့မှာ မဆလ လိုတောင် ပါတီမရှိဘူး။ ကြံ့/ဖွံ့ ပဲ ရှိတယ်။ ကြံ့/ဖွံ့ ကို ပါတီအဖြစ် ပွဲမထုတ်ဝံ့သေးဘူး။ ဒါကြောင့် 'ညောင် ၂ ပင်' မှာ ကြံ့/ဖွံ့ ကို နေရာပေး ပွဲထုတ်နေရတုန်း ရှိသေးတယ်။ စစ်တပ်ပဲရှိတယ်။ စစ်တပ်ကို 'ညီလာခံ' လုပ်ခိုင်းလို့မရဘူး။ အဲဒီတော့ 'ညောင် ၂ ပင်' လုပ်ရတယ်။ အဲဒါကို 'အမျိုးသားညီလာခံ' လို့ ခေါ်နေရတာပဲ။ 'ညောင် ၂ ပင်' တက်နေသူတွေ ကြည့်ပါ။ ဘယ်သူများ သူတို့လူမျိုး သူတို့အဖွဲ့ကို ကိုယ်စားပြုနေလို့လဲ။

'မူကြမ်း' ရလို့ လွှတ်တော်မှာ တင်ချင်ရင် 'NLD/CRPP လွှတ်တော်' ပဲ တရားဝင်ရှိနေတော့ အဲဒီမှာ တင်ရမယ်။ အဲဒီတော့ လွှတ်တော်မတင်ရအောင် 'ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ' ဆိုတဲ့ အဆင့်တခု ထွင်ရပြန်တယ်။ 'ညောင် ၂ ပင်' တောင် ဘယ်တော့ပြီးမလဲ မသိတော့ 'ဆန္ဒခံယူပွဲကိစ္စ' ကို အခုစဉ်းစားစရာ မလိုသေးပါဘူး။

(၂)

နအဖ က 'ညောင် ၂ ပင်' လုပ်နေတာဟာ အခြေခံဥပဒေ (မူကြမ်း) ရချင်လို့ချည်း မဟုတ်ဘူး။ '၁၉၉၀ ရွေးကောက်ပွဲ' ကို ပြည်ဖုံးကားချပစ်ဖို့ မြေမြှုပ်သင်္ဂြိုလ်ပစ်ဖို့လုပ်နေတာ ဖြစ်တယ်။

အဲဒီလို မြေမြှုပ်သင်္ဂြိုလ်ရာမှာ NLD/CRPP က ဝင်ပါမိရင် ကိုယ့်သင်္ချိုင်းကိုယ်တူးတာပဲ ဖြစ်တော့မပေါ့။

နိုင်ငံခြားက ဆရာကြီးတွေနဲ့ သူ့တပည့် နိုင်ငံခြားရောက် ဗမာပြည်သားတချို့က NLD ကို

## သတင်းနဲ့ မှတ်ချက်

‘ညောင် ၂ ပင်’မှာ ဝင်ပါစေချင်ကြတယ်။
သူတို့ကို ‘နအဖ’က ဖိတ်ရင်
အပြေးအလွှား ဝင်တက်ချင်ကြပုံလည်း
ပေါ်တယ်။ ဒါပေမဲ့ ‘နအဖ’က
ဆရာဝင်လုပ်မယ့်လူ မလိုချင်ဘူး။
လက်ညှိုးထောင်တတ်ပြီး
ခေါင်းညိတ်တတ်သူလောက်ပဲ
လိုချင်တာဖြစ်တယ်။
သူတို့ဖိတ်ထားသူတွေကို ကြည့်ပါလား။

(၃)

ဘယ်တော့ပြီးမလဲ ဆိုတာကတော့
ဘယ်သူမှ မပြောနိုင်ဘူး။
ဇာတ်ဆရာကြီးတွေဖြစ်တဲ့ နအဖ လည်း
မပြောနိုင်ဘူး။ မိုးရိပ်လေရိပ်ကြည့်ပြီး
ကကြမယ့်ဇာတ်ပွဲပဲ။
မြန်မြန်ဇာတ်သိမ်းချင်လည်း ရတယ်။
ရေရှည်ဆွဲထားချင်လည်း ရတယ်။
သေချာပေါက်
ပြောနိုင်တာကတော့ ‘ညောင် ၂ ပင်’
ဇာတ်ကပြနေရင်
သတင်းစာအယ်ဒီတာတွေအတွက်
စာမျက်နှာပြည့် ဖောင်ပြည့်
သတင်းထည့်နိုင်တယ်။
ဓာတ်ပုံထည့်နိုင်တယ်။
ဖတ်မယ့်သူကတော့ ဘယ်သူမှမရှိဘူး။
ညောင် ၂ ပင်တက်တဲ့
ကိုယ်စားလှယ်ကြီးတွေကတော့
ပြောနေတာကို တာဝန်အရ
နားထောင်ရသေးတယ်။ လူထုဘယ်သူမှ
နားမထောင်ဘူး။ မဖတ်ဘူး။ ကြံ့/ဖွံ့တွေ၊
အမျိုးသမီးရေးရာတွေ မဖတ်သလို
စစ်ဗိုလ်စစ်သားလည်း မဖတ်ဘူး။
ဓာတ်ပုံပါရင်တော့ သူ့အိမ်သားတွေ
ကြည့်မယ်။

(၄)

တကယ့်ပွဲက ‘ညောင် ၂ ပင်’ ရဲ့
ပြင်ဘက်မှာ ရှိတယ်။ နအဖ နဲ့ NLD
တယောက်နဲ့တယောက်
သွေးတိုးစမ်းနေကြတာပဲ။
ဗိုလ်ခင်ညွန့်ရှိတုန်းကမှ ဗိုလ်သန်းထွန်းကို
ဆက်သွယ်ရေးတာဝန် ပေးထားလို့
အလုပ်သဘော ဆက်ဆံတာ ရှိသေးတယ်။
အခုမရှိတော့ဘူး။ သတင်းစာထဲက
ဘယ်သူရေးတာမှန်းမသိတဲ့ နအဖ
အာဘော် ဟုတ်မဟုတ်လည်း မသေချာတဲ့
ဆောင်းပါးကို ကြားခံလုပ်ပြီး
သွေးတိုးစမ်းသလို
လုပ်နေကြတယ်။

သန်းရွှေတို့
သဘောကတော့ NLD ကို
နိုင်ငံရေးအရ
အသိအမှတ်မပြုတော့တဲ့ သဘောပါပဲ။
‘ညောင် ၂ ပင်’ ကို ခေါင်းငုံ့ပြီး ဝင်ချင်ဝင်၊
ဝင်ရင် နိုင်ငံရေးအရ အသိအမှတ်ပြုမယ်။
မဝင်ရင် အခုလိုပဲ ဆက်ဆံမယ်ဆိုတာ
အချက်ပြနေတာ ဖြစ်တယ်။

(၅)

ဘယ်သူတင်းခံနိုင်မလဲ။
ရပ်တည်ချက် ကြံ့ခိုင်သူ နိုင်မှာပဲ။
လူထုပါတဲ့ဘက် နိုင်မှာပဲ။ လူထုကို
မှီခိုတဲ့အစဉ်အလာက NLD မှာပဲ ရှိတယ်။
NLD စပြီးထောင်တာဟာ လူထုအုံကြွမှု
လှိုင်းကိုစီးပြီး ထောင်ထားတာပဲ။ လူထုအုံကြွမှု
လှိုင်းကြောင့်ပဲ ၁၉၉၀ ရွေးကောက်ပွဲ
အနိုင်ရတာပဲ။

အခုလည်း အခြေအနေမှန်ကို
လူထုကိုတင်ပြရင် လူထုကိုမှီခိုရင်၊ လူထုကို
စည်းရုံးရင် NLD ဘက်က
လူထုမားမားမတ်မတ် ရပ်တည်လာမှာ
ဖြစ်တယ်။ NLD နဲ့ လူထု
ပြန်လည်ပေါင်းစည်းမိတဲ့နေ့မှာ ‘ညောင် ၂
ပင်’ ရာသက်ပန် ပြီးဆုံးသွားမှာ
ဖြစ်ပါတယ်။

### အထိုးခံဖွဲ့အိတ်ကြီး

**ဗမာနိုင်ငံဟာ**

- **အာဆီယံနိုင်ငံအတွက် အရှက်ရစရာပဲ။**
- **ဗမာပြည်ကြောင့် ပြဿနာတွေ တက်ခဲ့တယ်။**
- **နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ရမယ်။ ဒါမှ ဗမာအစိုးရကို အကာအကွယ်ပေးနိုင်မယ်။**

## သတင်းနဲ့ မှတ်ချက်

- ဒီမိုကရေစီဘက် မလှည့်ရင် ဆက်လက်ဆွေးနွေးဖို့ ခက်ခဲသွားလိမ့်မယ်။
- ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးရမယ်။
- ဗမာနိုင်ငံထဲ ဘာတွေဖြစ်နေသလဲ၊ အာဆီယံသိခွင့်ရှိတယ်။
- ဖြည်းဖြည်းနဲ့မှန်မှန် တိုးတက်နေတယ်ပြောပါရဲ့၊ ပက်ကျိက အရှုံးပေးရလောက်အောင် နှေးနေတယ်။
- နအဖ စစ်အစိုးရကို စိတ်ကုန်စိတ်ပျက်မိတယ်။
- ဗမာအစိုးရကို တောက်လျှောက်ကာကွယ်ခဲ့တယ်။ ဒီအတိုင်းသွားရင် အာဆီယံဂုဏ်သိက္ခာ ဆက်ပြီးထိခိုက်နေမှာပဲ။

ဒါတွေကတော့ မလေးရှားမှာ ကျင်းပနေတဲ့ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း ထွက်ပေါ်နေတဲ့အသံတွေ ဖြစ်တယ်။ ထူးခြားတာက နအဖ စစ်အစိုးရကို အာဆီယံနိုင်ငံတွေက ဝိုင်းပြီးဆုံးမနေတဲ့အထဲမှာ မိတ်ဖက်နိုင်ငံတွေကပါ တယောက်တချက် ဝင်နှက်လာကြခြင်း ဖြစ်တယ်။

အရင်ကဆိုရင် အာဆီယံက ကိုယ့်အရပ်သားမို့ အထိမခံ၊ ကျန်မိတ်ဖက်နိုင်ငံတွေကလည်း အပြုသဘောပဲ ဆက်ဆံခဲ့ကြတာပါ။ ခုဝင်သမကြတဲ့အထဲမှာ ဂျပန်၊ တောင်ကိုးရီးယား၊ သြစတြေးလျ ... တို့တောင် ပါလာကြတယ်။ ဘာဖြစ်ကုန်ကြတာတုန်း။

ဘုရှ်တို့ ကွန်ဒိုလီဇာရိုက်တို့ရဲ့ အရှေ့အာရှခရီးမှာ ဖိအားတွန်းအားတွေ ပေးသွားလို့လား။ ဒါနဲ့တင်တော့ ဟုတ်ဟန်မတူ။

ဘာပဲဖြစ်ဖြစ် ပြည်တွင်းမှာ ကိုယ်ကချည်း 'ဆော်လိုက်မဟဲ့' ဆိုတဲ့အစိုးရ အပြင်ထွက်လိုက်တာနဲ့ အထိုးခံဖွဲ့အိတ်ကြီး ဖြစ်နေပါပကော။

ရှေ့ဦးပိုင်းမှာ ဦးအုံးကျော်တို့ ဦးဝင်းအောင်တို့ အထိုးခံရတယ်။ ခုဉာဏ်ဝင်း အထိုးခံနေရပြီ။

အရယ်အမောနည်းပြီး ခပ်တင်းတင်း ပြုမူပြောဆိုတတ်သူ ဗိုလ်ဉာဏ်ဝင်းခမျာ တယောက်စီက ခေါ်ပညာပေးတာ ခံနေရတယ်။ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးဘဝနဲ့ ပြောင်းပြန် ဖြစ်ကုန်ပြီ။ ငြိမ်နားထောင်နေရတယ်။ တခါတရံမှ လေပျော့လေးနဲ့ "ဒေါ်အောင်ဆန်းစုကြည် အိမ်ချုပ်ရက်တိုးတာဟာ ဥပဒေကြောင်းအရသာ ဖြစ်ပါတယ်။ ခင်ဗျားတို့ ပြောတာတွေ မှတ်သားသွားပါမယ်" လို့သာ ပြောနိုင်ရှာတော့တယ်။ ဗိုလ်စိုးဝင်းလည်း ဗိုလ်ခင်ညွန့်တုန်းကလိုပဲ သန်းရွှေကို တင်ပြပေးပါမယ်ပဲ ပြောနိုင်တဲ့ သူပါပဲ။ ဖြစ်သင့်တာက ထိပ်သီးကိုယ်တိုင် သန်းရွှေပဲ တက်သင့်တာပေါ့။

ဖြစ်သင့်ဖြစ်ထိုက်တဲ့ဘက်က စဉ်းစားရင် လွယ်လွယ်ကိစ္စလေးပါ။ ဘာလို့ခက်အောင် လုပ်နေကြပါသလဲ။

- အရင်လို မင်သေသေ ခပ်တည်တည် ဖိန်းနေလို့ကလည်း မရ။
- ကလေးဆိုးကြီးလို လုပ်နေလို့လည်း မဖြစ်။
- နိုင်ငံတကာဆက်ဆံရေးမှာ ရှုးသလိုပေါ်သလို လုပ်လို့လည်းမရတော့တဲ့ အခြေအနေမှာ 'နအဖ ဘာလုပ်မလဲ'

# ပြည်သူ့အာဏာ

# မာတိကာ


အမှတ် (၂၆)

ဇန်နဝါရီ

၂၀၀၆ ခုနှစ်



စာတည်းအဖွဲ့အာဘော် .................... ၁

ဗမာပြည်ကွန်မြူနစ်ပါတီ၏နှစ်သစ်ကူးအဆိုပြုချက် (၃) ခု ............. ၂

ရုရှားပြည်ထောင်စုကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) သို့ သဝဏ်လွှာ ................ ၄

ဒီမို ၂၀၀၆ ကလာပ်စည်းများသို့ ကွန်မြူနစ်တို့ရဲ့ အကြံပြုချက် ၆ ချက် ....... ၅

ယူဂိုအတွေ့အကြုံနှင့်သင်ခန်းစာများ .................... ၈

ရေရှည်မြုပ်နှံ အခွင့်အခါကောင်းစောင့် .................... ၁၁

စစ်မှုရေးရာ .................... ၁၇

ကြုံ့ဖွတ်ကနေ မိကျောင်းဖြစ်လာရင် .................... ၁၉

သတင်းနဲ့မှတ်ချက် .................... ၂၁



ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်